


# ပါရမီရှင်
# ချာလီချက်ပလင်
# CHARLES CHAPLIN

ထက်မြက်

mgyoe.com
mgyoe.com

# CHAPLIN



mgyoe.com

mgyoe.com

ပါရမီရှင် ချာလီချက်ပလင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၄၂၀၅၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၂၇၀၆၀၇ တို့ဖြင့်

မျက်နှာဖုံးကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၁၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

ပါရမီရှင်ချာလီချက်ပလင်

# မာတိကာ


| | | |
|---|---|---|
| | ◗ ထွန်းဝင့်ဇော်၏စာရေးဆရာကြီးချာလီချက်ပလင် | ၁ |
| | ◗ ဘာသာပြန်သူအမှာ | ၇ |
| ၁ | ကလေးဘဝ | ၉ |
| ၂ | ရှင်သန်မှု | ၂၉ |
| ၃ | အခြေရှာသူ | ၄၇ |
| ၄ | လေလွင့်သူ | ၆၃ |
| ၅ | ချန်ပီယံ | ၇၅ |
| ၆ | ခေတ်ဆန်းရှိန် | ၉၇ |
| ၇ | မိုးထဲလေထဲ | ၁၂၃ |
| | ◗ ချာလီချက်ပလင်ညွှန်ကြားသရုပ်ဆောင်ခဲ့သောရုပ်ရှင်ကားများ | ၁၄၈ |
| | ◗ ချာလီချက်ပလင်အသယ်လ်ဘမ် | ၁၅၁ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးဆရာကြီး
# ချာလီချက်ပလင်

ထွဋ်ဖတ်

ချာလီချက်ပလင်ကို ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာကြီးအဖြစ် လူသိများကြလေသည်။ သူ့ကို ၁၈၈၉ တွင် လန်ဒန်မြို့၌ ဖွားမြင်ခဲ့သည်။ ၂၀ ရာစုအတွင်း ပေါ်ပေါက်ခဲ့သော ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်သမိုင်းတွင် အဖြစ်အပျက်၊ ယဉ်ကျေးမှုအတွေးအခေါ်များကို ဩဇာကြီးမားစွာ သက်ရောက်နိုင်ခဲ့သော နိုင်ငံရေးခေါင်းဆောင်ကြီးများ၊ အာဏာရှင်ကြီးများ၊ စာပေအနုပညာရှင်ကြီးများတွင် တစ်ဦးအပါအဝင်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

၁၉ ရာစု အဦးအစမှာပင် ရုပ်ရှင်လုပ်ငန်းများ တွင်ကျယ်လာသည်။ ထိုကာလမတိုင်မီက လူကိုယ်တိုင် ဇာတ်ခုံပေါ်တွင် ကပြအသုံးတော်ခံသည့် အော်ပရာပြဇာတ်၊ အလွမ်းအသော ထိုးဇာတ်များသာရှိခဲ့သည်။ ချာလီချက်ပလင်၏ မိဘနှစ်ဦးတို့သည်ပင် ထိုသို့ကပြသည့် အနုပညာရှင်များဖြစ်ကြ၏။ ချာလီချက်ပလင်လည်း ငယ်စဉ်ကတည်းက နယ်လှည့်ဇာတ်အဖွဲ့များတွင် ဝင်ရောက်ကျင်လည်ခဲ့သည်။

mgyoe.com

mgyoe.com

ချာလီချက်ပလင်မွေးပြီးမကြာခင် သူ၏မိဘနှစ်ဦးတို့ ကွဲခဲ့ကြသည်။ သူနှင့် သူ့အထက် သား (မအေတူ ဖအေကွဲ)အစ်ကို ဆစ်ဒနီတို့နှစ်ဦးသည် မိခင်နှင့်အတူ ဆင်းရဲခက်ခဲစွာ ဘဝကိုရုန်းကန်ခဲ့ကြရသည်။ မိခင်ဖြစ်သူသည် လူမမယ်သားငယ်နှစ်ဦးကို ကျားကုပ်ကျားခဲ ပြုစုမွေးမြူရင်း စိတ်ဝေဒနာသည်တစ်ဦးဖြစ်ခဲ့ရ၏။

၁၉၁၄ ခုတွင် ချာလီချက်ပလင်၏ ပထမဆုံးရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ နာမည်ရပြီးနောက်ပိုင်းကာလတွင် ဆင်းရဲတွင်းနက်ခဲ့သည့် သူ့ငယ်ဘဝအတွေ့အကြုံများကိုရင်းပြီး အောက်ခြေလူထုလူတန်းစားတို့အကြောင်း ရိုက်ကူးတင်ဆက်ပြသည့် ဇာတ်လမ်းများကြောင့် တစ်ဟုန်ထိုးအောင်မြင်ကျော်ကြားလာသည်။ သူ့ဇာတ်လမ်းများတွင် အလွမ်းနှင့်အသောကိုတွဲ၍ လောကသဘာဝ လူ့သဘာဝကို ပြောင်မြောက်စွာ ရိုက်ကူးပြတတ်၏။ သူ့တစ်သက်တာတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၈၀ ကျော် ပါဝင်သရုပ်ဆောင်ခဲ့လေသည်။

နာမည်ရခဲ့သော ဇာတ်ကားများမှာ–
1. The Kid, 2. The Gold Rush, 3. City Lights, 4. Modern Times, 5. The Great Dictator, 6. Limelight တို့ဖြစ်ကြသည်။

သူ ဝတ်စားဆင်ယင်ခဲ့သည့် ဦးထုပ်၊ ကုပ်အင်္ကျီ၊ ဘောင်းဘီပွပွ၊ နှုတ်ခမ်းမွေး (နှုတ်ခမ်းမွေးမှာ သွားပွတ်တံမွေးလို လက်နှစ်သစ်ခန့် နှာခေါင်းပေါက်အောက်တည့်တည့်တွင်သာ ကပ်လျက်၊ ဟစ်တလာလည်း ထိုကဲ့သို့ နှုတ်ခမ်းမွေးမျိုး မွေးထား၏။ မည်သူက အရင်မွေးသည်ကိုတော့ အထောက်အထား မရှာလိုက်နိုင်ပါ။ ချာလီချက်ပလင်က အရင်ကျသည် ထင်ပါ၏။) ဖိနပ်နှင့် တုတ်ကောက်များကြောင့် ချာလီချက်ပလင်ဟူသော အမည်၏ သင်္ကေတသဖွယ်ဖြစ်ခဲ့ရသည်။ ချာလီချက်ပလင်သည် သူ့ဘဝအကြောင်း သူကိုယ်တိုင် ပြန်ရေးပြသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ခုကို ရေးသားထုတ်ဝေခဲ့သည်။ သူ၏နိမ့်ကျသော မျိုးရိုးဇာစ်မြစ်၊ ဆင်းရဲနုံချာသည့် ငယ်ဘဝ၊ အောင်မြင်ကြီးကျယ်မှု အဆိုးအကောင်းတို့ကို ပွင့်လင်းရိုးသားစွာ ရေးသားတင်ပြထားသဖြင့် ထူးခြားသောအတ္ထုပ္ပတ္တိတစ်ခုဟု ဆိုနိုင်သည်။ ရုပ်ရှင်ဇာတ်လမ်းဆန်သော သူ့ဘဝအကြောင်းကို လွမ်းစရာ၊ ရယ်စရာကောင်းအောင် အာဝဇ္ဇန်းကောင်းကောင်းဖြင့် ပြောင်မြောက်စွာ ရေးသားထားသည်။ ကြုံကြိုက်သဖြင့် အောက်တွင် မြန်မာပြန်ဆိုဖော်ပြလိုက်သည့် သူ့အတ္ထုပ္ပတ္တိနိဒါန်းကို ဖတ်၍ သူ့ရေးဟန်၊ အာဝဇ္ဇန်းဉာဏ်ကို အတန်ငယ်အကဲခတ်နိုင်မည်ထင်သည်။

ကျွန်တော်သည်လည်း အဆိုပါနိဒါန်းကိုဖတ်စဉ် စိတ်ထိခိုက်သဖြင့် အတန်ကြာအောင် စာအုပ်ကို ဆက်မဖတ်နိုင် ဖြစ်သွားခဲ့ပါသည်။

mgyoe.com

mgyoe.com

တစ်ခါက ဘီ၊ ဘီ၊ စီ အင်္ဂလိပ်အစီအစဉ်တစ်ခုတွင် ဤနိဒါန်းကိုပင် ဖတ်ပြခဲ့ဖူးသည်ကို မှတ်မိနေပါသည်။

ချာလီချက်ပလင်သည် ကျောင်းစာအနည်းငယ်မျှကိုသာ သင်ခဲ့ရသူဖြစ်သော်လည်း စာရေးဆရာကောင်းတစ်ဦးဖြစ်ဖို့ ပါရမီပါသူဟု ကျွန်တော် ဆိုလိုက်ချင်ပါသည်။ ။

## ကျွန်ုပ်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ။
## ချားလ်စ်ချက်ပလင်

### နိဒါန်း

ဝက်စမင်စတာတံတားကြီး မရှိမီက ကယ်နင်တန်လမ်းမှာ မြင်းစီးသွားဖြစ်ရုံ လမ်းငယ်ကလေးတစ်ခုမျှသာဖြစ်ပါသည်။ ၁၇၅၀ ခု ဗွန်တွင် တံတားကြီးပြီးစီးပြီး လမ်းသစ်တစ်ခုကို ဘရိုက်တန်ထိ တိုးချဲ့ဖောက်လုပ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော် ငယ်စဉ်က ကျင်လည်ခဲ့သည့် ထိုကယ်နင်တန်လမ်းသည် ဗိသုကာလက်ရာမြောက် အိမ်များကြောင့် ဂုဏ်ယူဝင့်ကြွားစရာဖြစ်သည့်အပြင် သံပန်းများဖြင့် တန်ဆာဆင်ထားသော အိမ်ဆင်ဝင်များပေါ်မှ လမ်းသစ်ကြီးအတိုင်း ဘရိုက်တန်သို့ စတုတ္ထမြောက် ဂျော့ဘုရင်မင်းမြတ် မြင်းရထားဖြင့် ထွက်တော်မူသည်ကို မြင်တွေ့ခဲ့ကြရပါသည်။

၁၉ ရာစုအလယ်လောက်တွင် ကယ်နင်တန်လမ်းပေါ်ရှိ ဆိုခဲ့သော လုံးချင်းအိမ်များနေရာ၌ အခန်းခန်းဖွဲ့ထားသည့်အိမ်များ၊ အလွှာထပ်တိုက်ခန်းများဖြစ်လာပါသည်။ သို့ရာတွင် ကျန်ရှိသော လုံးချင်းအိမ်များတွင် ဆရာဝန်များ အောင်မြင်သော ကုန်သည်ကြီးများ ဇာတ်သဘင်ပညာရှင်များ နေဆဲပင်ဖြစ်ပါသည်။ တနင်္ဂနွေမနက်ခင်းများတွင် ထိုအိမ်များရှေ့၌ မြင်းကထားသည့် ရထားများသည် (၁၀) မိုင်ခန့်ဝေးသော နော်ဝုဒ်၊ သို့မဟုတ် မာတန်အစရှိ ဇာတ်ပွဲရုံများရှိရာသွားမည့် ဇာတ်သမားများကို တင်ဆောင်ခေါ်ယူသွားရန် စောင့်ဆိုင်းနေသည်ကိုလည်းကောင်း၊ အပြန်တွင် လမ်းပေါ်ရှိ ဝှိုက်ဟော့စ်၊ ဟွန်း၊ တင်းကတ်အစရှိ အရက်ဆိုင်များ၌ ရပ်နားအပန်းဖြေနေကြသည်ကိုလည်းကောင်း တွေ့ရတတ်ပါသည်။

ထိုသို့ ဇာတ်သဘင်ပညာသည်များ ဇာတ်ရုံကအပြန် နေ့လယ်စာ မစားမီ အချင်းချင်းတွေ့ဆုံကြရင်း၊ တစ်ခွက်တစ်ဖလားသုံးဆောင်ရန် မြင်းရထားများဖြင့် ရောက်လာကြပုံကို ကျွန်ုပ် ၁၁ နှစ်သားအရွယ်က တင်းကတ်အရက်ဆိုင်ရှေ့တွင် ရပ်ကြည့်နေခဲ့ဖူးပါသည်။

နေညိုချိန် နောက်ဆုံးတစ်ယောက်ပြန်၍ ဆိုင်များတွင် လူစဲမှ

mgyoe.com

mgyoe.com
ကျွန်ုပ် အိမ်ပြန်တတ်ပါသည်။ ကျွန်တော်တို့အိမ်မှာ ကယ်နင်တန်လမ်းအဆုံးက အမှတ် (၃) ပေါင်နဲလ်တိုက်ခန်းများဖြစ်ပါသည်။ ခနော်ခနဲ့လှေကားအတိုင်း ကျွန်တော်တို့ အခန်းကလေးရောက်အောင် တက်ရပါသည်။ တိုက်ခန်းများက မှုန်မှုန်မှိုင်းမှိုင်း အဝတ်စုတ်များ၊ သိုးနေသောစားကြွင်းစားကျန် အနံ့များ နံဟောင်လျက်ရှိတတ်ပါသည်။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်ပါသည်။ ကျွန်ုပ်၏အမေသည် ပြတင်းပေါက်အနီးတွင်ထိုင်လျက် အပြင်ကိုငေးနေပါသည်။ ကျွန်ုပ်ဝင်လာသည့်အခါ လှည့်ကြည့်ပြီး ယဲ့ယဲ့ပြုံးပြပါသည်။ ၁၂ ပေပတ်လည်ခန့်သာရှိသောအခန်းကလေးမှာ အခါတိုင်းထက် ပိုကျဉ်းသယောင်ထင်ရပြီး အသက်ရှူမဝသလို ခံစားရပါသည်။ အိမ်ခေါင်နိမ့်နိမ့်တို့ကလည်း ပို၍နိမ့်သယောင်ထင်ရပါသည်။ နံရံဘေးက စားပွဲပေါ်တွင် မဆေးဘဲထားသော ပန်းကန်၊ လက်ဖက်ရည်သောက်ပန်းကန်လုံးများဖြင့် ပြည့်နေပါသည်။ အခန်းထောင့်နိမ့်သော ခေါင်မိုးအောက်တွင် အမေက ဆေးအဖြူသုတ်ထားသော သံကုတင်အိုတစ်လုံးရှိပါသည်။ ကုတင်နှင့် ပြူတင်းပေါက်ကြားတွင် မီးလင်းဖိုကလေးတစ်ခုရှိပါသည်။ ကုတင်ခြေရင်းတွင် ကျွန်ုပ်၏အစ်ကို ဆစ်ဒနီအိပ်ရာလုပ်အိပ်သည့် ပက်လက်ကုလားထိုင်ကြီးကို ခေါက်ထားပါသည်။ သူသည် ထိုအချိန်က ပင်လယ်သို့ ခရီးထွက်နေပါသည်။

ထိုနေ့က အခန်းကို အမေက သန့်ရှင်းမထားသဖြင့် ပို၍ စိတ်ရှုပ်စရာဖြစ်နေပါသည်။ ခါတိုင်းဆိုလျှင် အမေသည် အခန်းကို ရှင်းလင်းထားလေ့ရှိပါသည်။ အမေသည် အသက် ၃၇ နှစ် မပြည့်တတ်သေး။ ထက်မြက်သန်မြန်တုန်းဖြစ်ပါသည်။ စုတ်ချာသော အခန်းကျဉ်းကလေးကို နေချင်စဖွယ် သထားတတ်ပါသည်။ အထူးသဖြင့် ဆောင်းတွင်းအခါ တနင်္ဂနွေမနက်ခင်းများတွင် အမေက ကျွန်ုပ်ကို အိပ်ယာထဲမှာပင် နံနက်စာ စားစေတတ်ပါသည်။ ကျွန်တော် အိပ်ရာကနိုးလိုက်လျှင် သန့်ရှင်းသပ်ရပ်သောအခန်းကလေးထဲတွင် မီးလင်းဖိုကလေးမှာ မီးတလက်လက်နှင့် ရေနွေးခရားကလေးက အငွေ့တစ်ချောင်းချောင်းထွက်အောင် ဆူပွက်လျက်။ အမေက ပေါင်မုန့်ကင်နေစဉ် ဟက်ဒေါ့၊ သို့မဟုတ် ဟယ်ရင် ငါးခြောက်ပြားကို ပူအောင် မီးမှာနွေးကင်ထားတတ်သည်။ နံနက်စာကို ဖျပ်လပ်ဖွာပြင်ဆင်နေသည့် အမေနှင့် နွေးထွေးသော အခန်းကလေးအတွင်း မြေခရားထဲကို ရေနွေးငှဲ့ထည့်နေသည့်အသံကို ကြားနေစဉ် ကျွန်တော်က အပတ်စဉ်ထုတ် ကာတွန်းတစ်အုပ်ကို ဖတ်နေတတ်မြဲ။ ငြိမ်ဆိမ်အေးချမ်းသော တနင်္ဂနွေမနက်ခင်းများတွင် တွေ့ရတတ်သည့် ကြည်နူးဖွယ်အတွေ့အကြုံများဖြစ်ပါသည်။

ဆိုခဲ့သော တနင်္ဂနွေနေ့ကမူ အမေသည် ပြူတင်းပေါက်အနီးတွင်
mgyoe.com

mgyoe.com

ထိုင်ပြီး ဘာတွေ တွေးတောငေးမောနေသည်မသိပါ။ လွန်ခဲ့သော သုံးရက်ကတည်းက အမေသည် ထိုပြူတင်းဘောင်တွင်ထိုင်ပြီး ထူးထူးခြားခြား နှုတ်ဆိတ်လျက် အတွေးထဲတွင် နစ်မျောငေးမောနေခဲ့ပါသည်။ အမေ ပူပင်သောကများနေသည်ကို ကျွန်ုပ်သိပါသည်။ ဆစ်ဒနီ ပင်လယ်ခရီး ထွက်သွားသည်မှာ နှစ်လခန့်ရှိပါပြီ။ သူ့ဆီက သတင်းတစ်စုံတစ်ရာ မရပါ။ ကျွန်ုပ်တို့ စားဝတ်နေရေးစရိတ်အတွက် အရစ်ကျ ငွေပေးစနစ်ဖြင့် ငှားထားသော အပ်ချုပ်စက်ကလေးကိုလည်း ပြန်သိမ်းသွားပါပြီ။ (ငွေမပေး နိုင်လျှင် ထိုသို့လုပ်မြဲဖြစ်ပါသည်။) ကျွန်ုပ်ရှာ၍ရသော အကသင်ခန်းစာ အတွက်တစ်ပတ် (၅) သျှိလင်ဝင်ငွေကလေးကလည်း ရုတ်တရက် ရပ်ဆိုင်း သွားပါသည်။

ကျွန်ုပ်တို့မှာ အခက်အခဲနှင့် အမြဲနပမ်းလုံးနေရသဖြင့် အခက်အခဲ ဆိုသည်များမှာ အဆန်းမဟုတ်တော့ပါ။ ကျွန်ုပ်သည် ကလေးဘဝကပင် အခက်အခဲကို အမှုမထား မေ့လျော့တတ်ခဲ့ပါပြီ။ ကျောင်းဆင်းသည်နှင့် ကျွန်ုပ်သည် အိမ်က အမေ့ဆီကို အပြေးပြန်၊ ဗာဟီရတို့ကိုလုပ်၊ အမှိုက်များ ကိုသွန်ကာ ရေတစ်ပုံးဆွဲပေးပြီး မက်ကာသီအိမ်သို့ တစ်ညနေလုံး သွား နေတတ်ပါသည်။ စိတ်ညစ်ညူးဖွယ် ကျွန်ုပ်တို့ အခန်းကျဉ်းကျဉ်းကလေး ကို ခေတ္တရှောင်ပြေးခြင်းဖြစ်ပါသည်။

မက်ကာသီဇနီးမောင်နှံမှာ အမေငယ်ငယ် ဇာတ်ကတုန်းကပင် ခင်မင်ခဲ့သူများဖြစ်ပါသည်။ ကယ်နင်တန်လမ်းက နေချင့်စဖွယ် လုံးချင်း အိမ်ကလေးတစ်လုံးတွင် နေကြပါသည်။ ကျွန်ုပ်တို့နှင့်နှိုင်းစာလျှင် အတော် ကုံလုံပြည့်စုံကြသူများဖြစ်ပါသည်။ သူတို့တွင် ဝေါလီအမည်ရှိ သား ကလေးတစ်ယောက်ရှိပါသည်။ ဝေါလီနှင့်အတူ ကျွန်ုပ် နေဝင်အောင် ကစားလေ့ရှိပါသည်။ မိုးချုပ်သည့်အခါ ဝေါလီတို့က ကျွန်ုပ်ကို လက်ဖက် ရည်သောက်သွားဟု တားလေ့ရှိပါသည်။ ဤနည်းဖြင့် ကျွန်ုပ် သူတို့အိမ် တွင် ကြိမ်ဖန်များစွာ ညစာ စားရတတ်ပါသည်။ တစ်ခါတစ်ရံ မစ္စက် မက်ကာသီက ကျွန်ုပ်၏အမေကို မမြင်ကြောင်း၊ ဘာလုပ်နေကြောင်း မေး တတ်ပါသည်။ ကျွန်ုပ်ကလည်း အမေ ဘာလုပ်နေသည်စသည်ဖြင့် ဖြေရ ပါသည်။ အမေက သူ ဒုက္ခရောက်နေစဉ် သိကျွမ်းဟောင်းများကို ဒုက္ခ မပေးလိုသဖြင့် မတွေ့အောင်ရှောင်နေတတ်ပါသည်။

ကျွန်ုပ်အိမ်တွင် အမေနှင့်အတူနေသောရက်များလည်း ရှိပါသည်။ အမေက ကျွန်ုပ်ကြိုက်တတ်သော ပေါင်မုန့်နှင့်အမဲဆီကြော် လုပ်ကျွေးတတ် ပါသည်။ အမေသည် စာဖတ်ကောင်းသူဖြစ်ပြီး ကျွန်ုပ်ကို တစ်ခါတစ်ရံ စာအုပ်များ ဖတ်ပြတတ်ပါသည်။ မက်ကာသီတို့အိမ်မှာ အချိန်ဖြုန်းရသည် နှင့်စာလျှင် အိမ်မှာ အမေနှင့်အတူနေရသည်က ပို၍ပျော်စရာကောင်း

mgyoe.com

mgyoe.com
ကြောင်း ကျွန်ုပ်သဘောပေါက်ပါသည်။

ထိုတနင်္ဂနွေနေ့က ကျွန်ုပ်အိမ်ထဲသို့ ဝင်လိုက်သည့်အခါ အမေက ကျွန်ုပ်ကို မလာစေချင်သလို ကြည့်နေပါသည်။ အမေသည် ပိန်ချုံးပြီး ပင်ပန်းနွမ်းလျနေပုံပေါက်နေပါသည်။ သူ့မျက်လုံးများမှာ အနိုပ်စက်ခံရသဖြင့် ဝေဒနာခံစားနေရသူတစ်ဦး၏ မျက်လုံးများနှင့်တူပါသည်။ ကျွန်ုပ်စကားဖြင့် မဖော်ပြနိုင်လောက်အောင် ဝမ်းနည်းခြင်းဖြစ်သွားပါသည်။ ကျွန်ုပ်၏စိတ်တွင် အမေနှင့်အတူ အိမ်တွင် နေချင်သည့်ဆန္ဒနှင့် အမေ့ကိုသည်အတိုင်းထားခဲ့ပြီး သွားချင်သည့်ဆန္ဒတို့ လွန်ဆွဲလျက်ရှိပါသည်။ အမေက ကျွန်ုပ်ကို မလိုလားသောအမူအရာနှင့်ကြည့်ပြီး သား . . . မက်ကာသီတို့အိမ်ကို ဘာဖြစ်လို့ မသွားတာလဲ ဟု ပြောပါသည်။

ကျွန်ုပ်က ငိုချင်စိတ်ကိုထိန်းပြီး ကျွန်တော် အမေနှင့်အတူ နေချင်လို့ပါဟု ပြန်ဖြေပါသည်။ အမေက ပြူတင်းပေါက်တွင် ယခင်အတိုင်း ပြန်ငေးကြည့်နေပြီး သားဖို့ ညစာဘာမှမရှိဘူး၊ မက်ကာသီတို့အိမ်မှာ သွားကစားရင်း စားခဲ့ ဟုပြောလိုက်ပါသည်။

အမေ၏အသံတွင် ကျွန်ုပ်ကို အပြစ်တင်လိုသည့်ဟန် ခံစားရပါသည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲတွင် အမေ့ကိုအပြစ်မမြင်တော့ဘဲ အမေသွားစေချင်ရင် ကျွန်တော်သွားပါ့မယ်ဟု နွမ်းလျစွာ ဖြေလိုက်ပါသည်။

အမေသည် ယှဲ့ယှဲ့ပြုံးပြီး ကျွန်ုပ်၏ခေါင်းကို အသာပုတ်ပါသည်။ အေး . . . အေး . . . သွား ဟု ပြောပါသည်။ ကျွန်ုပ်က အမေ့ကို မသွားချင်သည့်အကြောင်း ထပ်၍ပြောသော်လည်း အမေက သွားဖို့ကိုသာ ပြောနေပါသည်။ ထို့ကြောင့် ကျွန်ုပ်၏စိတ်တွင် အပြစ်မကင်းသလို ခံစားရင်း စိတ်ညစ်ညူးဖွယ်ကောင်းသော အိမ်ခန်းကလေးထဲ၌ အမေ့ကို တစ်ယောက်တည်းထားပြီး ထွက်ခဲ့ရပါသည်။ ရက်အနည်းငယ်အကြာတွင် ကံကြမ္မာဆိုးတို့က အမေ့ကို ကြိုဟ်မွေကြတော့မည့်အဖြစ်ကို ကျွန်ုပ် မရိပ်စားခဲ့မိပါ။

***(MY AUTOGEOGRAPHY. Charles Chaplin. PENGUIN Books' 1964)***

mgyoe.com

mgyoe.com

# ဘာသာပြန်သူအမှာ

ကျွန်တော် ကာလသားအရွယ်ကတည်းက ချာလီချက်ပလင်ကို ကြည့်ခဲ့ဖူးသည်။ ကျွန်တော်တို့ ကြည့်စဉ်ကတည်းက အသံတိတ်ကားများ ဖြစ်သည်။ အမူအရာဖြင့် ရယ်မောရအောင် သရုပ်ဆောင်နိုင်သူဖြစ်၍ အသံမထွက်သော်လည်း အူနှိပ်ပြီးရယ်ရလောက်သူ ဖြစ်ပါသည်။ ယခုအချိန်အထိ ချာလီချက်ပလင်လောက်တော်သော ဟာသမင်းသားမျိုး မရှိခဲ့သေးပေ။ ဟာသမင်းသားများ၊ လူရွှင်တော်များမှာ ပရိသတ်ကို ကလိထိုးပြီး ရယ်မောစေသည်ကများသည်။ ချာလီချက်ပလင်မှာ ထိုကဲ့သို့ ဂလိထိုးသူမဟုတ်ပေ။ နှာခေါင်းအောက်တည့်တည့်တွင်ထားသော စတုရန်းပုံ နှုတ်ခမ်းမွေးက ဟစ်တလာနှုတ်ခမ်းမွေးနှင့် တူလွန်းသဖြင့် မြင်ရုံနှင့် ရယ်ရသည်။ ရီဝေသောမျက်လုံးများကိုကြည့်ပြီး သူ့ပုံမှာ သနားစရာလည်းကောင်းနေသည်။ အထူးသဖြင့် သူ့သရုပ်ဆောင်မှုများမှာ အထက်တန်းစားသရုပ်ဆောင်ထက် အလုပ်သမားအခန်း၊ လူလတ်တန်းစားအခန်းများကို သရုပ်ဆောင်မှုကများသည်။ ဟစ်တလာကို သရော်သော The Great Dictator ရုပ်ရှင်မှာ အလွန်ထိမိပြီး မမေ့နိုင်လောက်သော ရုပ်ရှင်ဖြစ်ပေသည်။

ထိုသို့ ကမ္ဘာကျော်ပါရမီရှင် ရုပ်ရှင်မင်းသားကြီး ချာလီချက်ပလင်မှာ လက်ဝဲသမားကွန်မြူနစ်တစ်ယောက်ဖြစ်သည်ဟု ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ ထုတ်ဝေသော Guardian သတင်းစာကြီးက ရေးသားလိုက်သည်။ ၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ထုတ် Guardian သတင်းစာ၌

"ဗြိတိသျှလက်ဝဲစာရေးဆရာ ဂျော့အော်လ်ဝဲလ်က၊ ၁၉၄၉ ခုနှစ်တွင် ဗြိတိသျှအစိုးရထံသို့ ကွန်မြူနစ်ဟု သံသယဝင်စရာရှိသူများနှင့် ကွန်မြူနစ် လိုလားသူ ဗြိတိန်နိုင်ငံမှ ထင်ရှားသည့် လူပေါင်း ၃၈ ဦး၏ စာရင်းကို ပေးပို့လိုက်သည်၊ ထိုစာရင်းထဲတွင် ဟာသမင်းသား

mgyoe.com

mgyoe.com

ကြီးချာလီချက်ပလင်လည်း ပါရှိလေသည်။


နိုင်ငံရေးသရော်စာဖြစ်သည့် "တစ်ထောင့်ကိုးရာရှစ်ဆယ့်လေး" ဝတ္ထုကြီးကို ရေးသားခဲ့သော စာရေးဆရာ အော်လ်ဝဲလ်၏ အနှစ် ၁၀၀ ပြည့်မွေးနေ့မှာ ဇွန်လ ၁၈ ရက် ဖြစ်ပေသည်။ အော်လ်ဝဲလ်က ထိုကွန်မြူနစ်လိုလားသူ ၃၈ ယောက်စာရင်းကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်လုပ်နေသော သူ့မိတ်ဆွေ စယ်လီယာကာဝန်ထံ ပို့လိုက်ခြင်းဖြစ်သည်။ ကာဝန်သည် နိုင်ငံခြားရေးရုံး၊ သတင်း သုတေသနဌာနတွင် အမှုထမ်းနေသူဖြစ်သည်။ ထိုစာရင်းထဲတွင် ဗြိတိန်နိုင်ငံမှ အရောင်းအသွက်ဆုံး ဘက်ဆဲလားဝတ္ထုရေးဆရာ ဂျေဘီပရိစ်လေ JB Priestley၊ ရုပ်ရှင်မင်းသား မိုက်ကယ်ရက်ဒ်ဂရေ့ဗ် Michael Redgrave၊ ဆိုဗီယက်သမိုင်းဆရာ  အီးအိပ်ချ်ကား E H Carr နှင့် ထရော့စကီး သမိုင်းဆရာ အိုက်ဇက်ဒပ်ချ်ချား Isaac Deutscher တို့လည်း ပါဝင်လေသည်" ဟု ရေးသားထားလေသည်။

ဂျော့အော်လ်ဝဲလ်မှာ လက်ဝဲစာရေးဆရာဆိုသော်လည်း သူရေးခဲ့သည့် Animal Farm တို့ Nine teen Eighty- four တို့မှာ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး စာအုပ်များဖြစ်သည်။

ချာလီချက်ပလင်ကို ကွန်မြူနစ် (သို့မဟုတ်) ကွန်မြူနစ်လိုလားသူဟု သဘောထားခဲ့သော်လည်း ချာလီချက်ပလင်မှာ ကြွယ်ဝချမ်းသာသော ရုပ်ရှင်ပညာရှင်မင်းသားတစ်ယောက်အဖြစ် ဘဝကိုပြီးဆုံးသွားခဲ့သည်။ ချာလီချက်ပလင်နှင့်ခေတ်ပြိုင်  ချာလီချက်ပလင်နောက် ပေါ်ထွက်ခဲ့သော ဟာသမင်းသား မြောက်မြားစွာရှိခဲ့သည်။ ဘော့ဟုပ်၊ ဂျယ်ရီလူးဝစ်၊ ဒင်းမာတင်မှအစ မစ္စတာဘင်းအဆုံး ဟာသမင်းသားများမှာ ရယ်ကြရပါသည်။ သို့သော် ချာလီချက်ပလင်ကိုကား မည်သူမျှမမီပေ။ ချာလီချက်ပလင်သည် စကားပြောပြီးရယ်အောင် မလုပ်ဘဲ အမူအရာဖြင့် သရုပ်ဆောင်ပြီး ရယ်မောစေသူဖြစ်သည်။ ထို့ကြောင့် သူ့ကို ပါရမီရှင် Genius ဟု သတ်မှတ်ကြခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com



"ဒီဖိနပ်ကြီးတွေကို သန်းငါးဆယ်ရဲ့ မျက်လုံးတွေနဲ့ ကြယ်သီးတပ်ထားတာပါ" ဟု *The Tramp* ရုပ်ရှင်ကားတွင် ချက်ပလင်ကပြောခဲ့သည်။ ရာစုနှစ်တစ်ခု၏ အရင်းနှီးဆုံးတစ်ကိုယ်တော်ပုံရိပ်ဖြစ်လေသည်။

## အခန်း (၁)

# ကလေးဘဝ

ပါရမီရှင်ဆိုသည်မှာ ဘယ်လိုဖြစ်လာသလဲ။ ထိုပါရမီရှင်နှင့်ပတ်သက်ပြီး ယခင်ကရော ယနေ့အထိပါ အလွယ်တကူနှင့် မကြာခဏ ပြောတတ်သော စကားတစ်ခုရှိသည်။ ထိုစကားမှာ မဆန်းသော်လည်း မရိုးနိုင်သည့်စကားဖြစ်သည်။ ပါရမီရှင်သည် ရှားပါးလှသည်။ မည်သူနှင့်မျှ မတူဘဲ မွေးရာပါအရည်အချင်းရှိသူဖြစ်ပြီး ထိုအရည်အချင်းကို လုပ်ယူ၍မရဟု ဆိုလေသည်။ ချာလီချက်ပလင်၏ ပါရမီရှိမှုမှာလည်း အငြင်းပွားဖွယ်မရှိပေ။ သူ့ကို ရင်းနှီးခင်မင်စွာဖြင့် တစ်ကမ္ဘာလုံးက ချာလီချက်ပလင်ဟု သိကြသည်။ (ပြင်သစ်တွင် 'ချားလော့" ဟုခေါ်သည်။) ထိုကဲ့သို့ ပါရမီရှင့်သန့်လှသူတစ်ဦးဘဝ၊ လင်းတောက်ခဲ့သော မီးပွားလေး၏ အစပြုရာဇာတ်လမ်းတို့ကို သိကြဖို့ လိုပေသည်။

* * * * *

mgyoe.com

mgyoe.com



*၁၂ နှစ်သား ချက်ပလင်ပုံ ဖြစ်သည်။ ၁၉၀၁ ခုနှစ်က ရိုက်ကူးထားခြင်း ဖြစ်ပြီး ထိုနှစ်၌ပင် သူ့ဖခင်ချာလီ ချက်ပလင် (အကြီး)ကွယ်လွန်သွားလေသည်။*

ချားလ်စပင်ဆာချက်ပလင်မှာ သူ့ဖခင်နာမည်မှ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။ ဖခင်ကား ချားလ်ချက်ပလင်စီနီယာ ဖြစ်သည်။ သူ့အဖေ၏ အဖေ၊ သူ့အဘိုးမှာလည်း ချက်ပလင်ပင် ဖြစ်သည်။ ထိုချက်ပလင်မျိုးဆက် ချားလ်ချက်ပလင်ကို ၁၈၈၉ ခုနှစ်၊ ဧပြီလ ၁၆ ရက် အင်္ဂါနေ့တွင် ဖွားသန့်စင်ခဲ့ပေသည်။ သူ့အဖေမှာ ဂီတပွဲတွင် ဖျော်ဖြေသူတစ်ဦး ဖြစ်သည်။ သူ၏တစ်နှစ်သား နှစ်နှစ်သား မွေးကင်းပြီး ကလေးဘဝများမှာ ထူးထူးခြားခြား ပြောစရာမရှိလှပေ။ သူ့ပတ်ဝန်းကျင်မှာလည်း အလုပ်သမား လူတန်းစားပတ်ဝန်းကျင်ဖြစ်သည်။ ထိုပတ်ဝန်းကျင်သည် အိပ်မက်ဆိုးထဲ ရှင်သန်နေရသောဘဝမျိုးဖြစ်၏။ လုံခြုံမှုကင်းမဲ့ခြင်း၊ ဆင်းရဲချို့တဲ့ခြင်း၊ ပင်ပန်းကြီးစွာ ရုန်းကန်ရခြင်းတို့ဖြင့် ဝိုင်းရံနေသည်။ ထိုကဲ့သို့ ဝန်းကျင်မျိုးမှနေ ဖျော်ဖြေရေးကမ္ဘာလောကထဲသို့ ချားလ်ချက်ပလင်ဆိုသူတစ်ယောက်က ရှင်သန်ထိုးထွက်လာခဲ့သည်။


သူ၏ ပင်ကိုဘဝနှင့် ဟီထွင်မှုရှိသော ပါရမီတို့မှာ တွဲလျက်ရှိနေသည်။ သူ့ဇီဇနှင့် သူ့အကျင့်စရိုက်တို့တွင် စည်းကမ်းရှိခြင်း၊ စူးစိုက်မှုရှိခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်းတို့ ပါဝင်သည်။ အထူးသဖြင့် မှတ်တမ်းတင်ထိုက်သော သူ့စရိုက်မှာ စေ့စပ်သေချာခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com

လန်ဒန်အရှေ့ပိုင်း ဆင်းရဲသားရပ်ကွက်မှ ကောင်လေးတစ်ယောက်၏ ပညာရေးမှာ အားနည်းလှသည်။ ကျောင်းနေရသည်မှာ မည်ကာမတ္တမျှသာဖြစ်၏။ အထိုက်အလျောက်သာ စာသင်ခဲ့ရသော်လည်း ပညာတတ်တစ်ယောက်ဖြစ်သည်ဟု သူ့ကိုချီးမွမ်းကြသည်။ အရွယ်ရောက်လာသည့်အခါ ချက်ပလင်သည် စာအလွန်ဖတ်၏။ အငမ်းမရစာဖတ်သမားတစ်ယောက်ဖြစ်လာသည်။ လှို့ဝှက်သည်းဖို ဝတ္ထုများကို စိတ်ညစ်ညူးမှုပြေအောင် အပျော်တမ်းဖတ်သည်။ ထိုသို့ ပေါ့ပေါ့ပါးပါး စာများကို ဖတ်ခြင်းအပြင် တချို့အတွေးအခေါ်ရင့်ကျက်သော ပညာရှင်

*The Gold Rush* (၁၉၂၅) ကား ထဲ၌ ခြေထောက်မြှောက်၍ ကန်ပြနေသော ချာလီချက်ပလင်။



mgyoe.com

mgyoe.com
များကိုလည်း ဖတ်လေ့ရှိသည်။ ချက်ပလင်မှာ စာပေါ့များကို ဖတ်သလို၊ ဖရောက်၏စာများကိုလည်းဖတ်သည်။ သမိုင်းစာအုပ်များ၊ ဒဿနိကနှင့် စိတ်ပညာစာအုပ်များကိုလည်း ဂရုတစိုက်ဖတ်ရှုသည်။ ထိုသို့ စာဖတ်လေ့လာမှု ကြွယ်ဝခြင်းကြောင့် သူ့အမြင်နှင့် သူ့သဘောထားများမှာ အဆင့်မြင့်ပြီး အသိတရားတိုးတက်နေခြင်းဖြစ်သည်။

ချက်ပလင်အကြောင်း ချဲ့ကားပြောစရာ မလိုပေ။ သူ၏ဉာဏ်ရည်ဉာဏ်သွေးနှင့် ရင့်ကျက်သောအသိတရားတို့မှာ သူ့အသက် နှစ်ဆယ်ဝန်းကျင်လောက်ကတည်းက ရှိနေသဖြင့် ကမ္ဘာအကျော်ကြားဆုံးပုဂ္ဂိုလ်များထဲတွင် တစ်ဦးအဖြစ် စာရင်းတင်ခံရခြင်းဖြစ်သည်။ သမိုင်းတွင် အထူးခြားဆုံးသော အဖြစ်မျိုးနှင့်လည်း သူကြုံခဲ့သည်။ အသံတိတ်ခေတ်ရုပ်ရှင်လောကမှ တက်လာခဲ့သူလည်းဖြစ်သည်။ ထို့ကြောင့် ဘာသာစကားဖြင့် ဆက်သွယ်ရန် မလိုဘဲ အနုပညာကို အထူးဖော်ပြရသည့် သရုပ်ဆောင်ချက်များဖြင့် ကျော်ကြားလာခဲ့သည်။ ထိုအရည်အချင်းကို အံ့သြလောက်အောင်ပင် ချက်ပလင်မှာ ပါရမီရှိသည်။ စကားတစ်ခွန်း တစ်ပါဒမျှမပြောဘဲ ခြေဟန် လက်ဟန်သက်သက်ဖြင့် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ သဝန်တိုခြင်း၊ ဒေါသထွက်ခြင်း၊ အလိုမကျခြင်း စသောခံစားချက်များကို အမူအရာဖြင့် ပေါ်လွင်အောင် သရုပ်ဆောင်ပြနိုင်သည်မှာ ချက်ပလင်ကို မည်သူမျှ မယှဉ်နိုင်ပေ။ ခလေ့ထုံးစံလည်းမတူ ဘာသာစကားလည်းမတူ၊ ယဉ်ကျေးမှုလည်းမတူ၊ လူမျိုးလည်းမတူသော ကမ္ဘာ့အရပ်ရပ်မှ နေထိုင်သူများ၏ အာရုံကိုထိမိအောင် သရုပ်ပြစွမ်းဆောင်နိုင်သူမှာ ချက်ပလင်သာရှိသည်။ သူ့နှင့်ခေတ်ပြိုင်များကြားတွင် သူ့လောက်ပါရမီရှိသူမှာ သူသာလျှင် ဖြစ်သည်။ နေရာဒေသတိုင်းရှိ လူများ၏ ရယ်မောခြင်းနှင့် မျက်ရည်ကျခြင်းတို့ကို သူက စွမ်းဆောင်နိုင်သည်။ လူမျိုးမရွေး၊ လူတန်းစားမရွေး လူတိုင်း၏ ရယ်ခြင်း၊ ငိုခြင်းကို ချာလီက ဖန်တီးပေးနိုင်စွမ်းရှိလေသည်။ သူသည် ရုပ်ရှင်လောက တိုးတက်မှုအတွက် စွမ်းဆောင်ပေးခဲ့သလို တီရုပ်ရှင်ပညာနှင့်ပတ်သက်ပြီး တီထွင်ရဲသူလည်း ဖြစ်လေသည်။

မွေးဖွားပြီး အနှစ်တစ်ရာရှိသည့်တိုင် ချာလီချက်ပလင်ကို မေ့ပျောက်မသွားကြပေ။ အနုပညာသည်များ၏ဘဝသည် အောင်မြင်မှုရလာလိုက်၊ ကျဆုံးသွားလိုက်ဖြင့် ကြုံတွေ့ကြရသည်။ နှစ်ကြာလာသည့်အခါ မေ့ပျောက်သွားကြသည်။ သို့သော် ချာလီချက်ပလင်မှာ ထိုကဲ့သို့မဟုတ်ပေ။ နှစ်ပေါင်း တစ်ရာကျော်ကြာလာသည့်တိုင်အောင် သူ့ကိုအမှတ်ရဆဲ၊ သူ့အနုပညာနှင့် သူ့သရုပ်ဆောင်မှုများကို လွမ်းဆွတ်ဆဲပင်။ ရုပ်ရှင်ချစ်သူ မျိုးဆက်သစ်များသည် ရုပ်ရှင်ကြည့်သည်နှင့် "တေလေကလေး" Little Tramp ကိုအရင်ဆုံးကြည့်ကြသည်။ ချက်ပလင်၏အကောင်းဆုံးကားများဖြစ်သော The Gold Rush နှင့် The Great Dictator တို့ကိုကြည့်ပြီး နှစ်ခြိုက်ကျေနပ်ကြသည်။ သူနှင့်ပြိုင်ဘက်ဖြစ်သူများမှာ နည်းသည်။ ပိုက္ကာ မှုက်နှာနှင့် ဆပ်စတာကီတန်ရှိသည်။ အသံတိတ်ရုပ်ရှင်ခေတ်တွင် ကီတန်သည် သူ့အတွက်
mgyoe.com

mgyoe.com

အလေးထားရမည့် ပြိုင်ဘက်ဖြစ်လေသည်။ ချက်ပလင်သည် ရုပ်ရှင်နယ်သို့ စွန့်စားဝင်ရောက်ခဲ့သူ ဖြစ်သည်။ လူမှုဘဝကို အခြေခံပြီး သရုပ်ဆောင်သည်။ ထိုခေတ်အခါတွင် သူ၏ကြိုးပမ်းမှုများကို ပရိသတ်က သဘောကျသည်။ ယခုအချိန်ဆိုလျှင် ယခင်ထက် ပိုမို သရုပ်ဆောင်နိုင်မည်ဖြစ်သည်။ သူ မကွယ်လွန်မီကတည်းက သူ့ကို အကြီးအကျယ် ချီးကျူးဂုဏ်ပြုကြသည်။ သူ့ရုပ်ရှင်ကားများကို ပြန်ကူးကြသည်။ သူ့အကြောင်းစာအုပ်များလည်း



ချက်ပလင် တယောထိုးနေပုံဖြစ်သည်။ အမှန်တကယ် တယောထိုးပြနေခြင်းဖြစ်သည်။ ဂီတနှင့်ပတ်သက်ပြီး မူလကတည်းက ပါရမီပါသည်။ ဗရက်ကာနိုက သူ့ကို တယောထိုးသင်ပေးခဲ့ပြီး ပညာရှင်တစ်ဦးကဲ့သို့ ကျွမ်းကျင်သည်။



လေယာဉ်ကို ကျွမ်းကျင်စွာ မောင်းတတ်သော လေယာဉ်မှူးကောင်းတစ်ဦးလည်း ဖြစ်သည်။ ၁၉၃၁ ခုနှစ်က ကမ္ဘာပတ်ပြီး လေယာဉ်မောင်းခဲ့သည်။ နောက် လန်ဒန်မြောက်ဘက် ခရိုင်ဒန်လေဆိပ်တွင်ဆင်းသက်ပြီးချိန်၌တွေ့ရပုံ။ ဂျာမနီတွင်နာဇီများက "အမေရိကမှဂျူးလူမျိုး ဟာသမင်းသား" ဟု သူ့ကို စွပ်စွဲထားသည်။

mgyoe.com
အများအပြားထွက်သည်။ သူ၏ကျော်ကြားမှုမှ ထိပ်ဆုံးရောက်နေပေသည်။ အသက် သုံးဆယ်မပြည့်မီပင် နှိမ်ချတတ်သော ချာလီသည် သန်းကြွယ်သူဌေးဖြစ်လာပြီး ၁၈၇၇ ခုနှစ် ကွယ်လွန်ချိန်၌ ဆာ ချာလီချက်ပလင် ဖြစ်သွားခဲ့သည်။ နောက်ဆုံးအချိန်များ၌ ချက်ပလင်သည် ကောင်းမွန်စွာ စည်းစိမ်ခံသွားခဲ့ရသည်။ သူ့ပတ်လည်တွင် တန်ဖိုးကြီးဖိမ်ခံပစ္စည်းများ၊ နာမည်ကြီးပုဂ္ဂိုလ်များ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးများ ၊ အထက်တန်းလွှာများဖြင့် ဝိုင်းဝိုင်းလည်ခဲ့သည်။ သို့သော် သူ့ဘဝတွင် ယခုကဲ့သို့ ဝိုင်းဝန်းမြှောက်စားခြင်း၊ ကြွယ်ဝချမ်းသာခြင်းများသည် အမြဲကြုံတွေ့ခံစားရခြင်း မဟုတ်ပေ။

၁၈၈၀ ခုနှစ်များက လန်ဒန်သည် ပျာယာခတ်နေသော မြို့တော်ဖြစ်သည်။ ဘုရင်မနှင့် တိုင်းပြည်အပေါ် သစ္စာရှိခြင်း၊ မဟာဗြိတိသျှအင်ပါယာကြီး၏ အောင်မြင်မှုအပေါ်ဂုဏ်ယူကြွားဝါခြင်းတို့ဖြင့် လန်ဒန်သားများသည် ပွဲလယ်တင့်နေ၏။ စက်မှုတော်လှန်ရေးနှင့် လက်အောက်ခံနိုင်ငံအများအပြားကို အုပ်ချုပ်ထားနိုင်ခြင်းတို့ကြောင့် အမိနိုင်ငံမှာ ကြွယ်ဝချမ်းသာနေသည်။ ထိုနိုင်ငံ၏ ရွှေမြို့တော်မှာလည်း ခမ်းနားထည်ဝါနေသည်။ နှစ်ဆယ်ရာစုနှစ်၏ နည်းပညာကြောင့် လန်ဒန်သည် စစ်ပွဲများ၏အနာရွတ်များ ထင်ကျန်မနေခဲ့ပေ။ ခန့်ညားသောတိုက်အိမ်တန်းများ၊ ကြည်နူးဖွယ်ဥယျာဉ်များ၊ သိမ်းမြစ်ပေါ် မိုးကျော်ထားသော အထင်ကြီးလောက်သည်။ တံတားများ၊ စည်းစနစ်ကျပြီး သာယာသော ပန်းခြံများအပြင်၊ ရှင်းသန့်နေသော အမ်ဘင့်ခ်မင့်ရင်ပြင်နှင့် ပါလီမန်ရင်ပြင်တို့ကို တည်ဆောက်ထားသည်။ ပန်းချီဆရာတာနောမှ မိုးနေအထိ အကျော်အမော်တို့၏ ဖန်တီးချက်လက်ရာများကိုလည်း တွေ့ရသည်။

ဝိတိုရိယခေတ်မှ အက်ဒွပ်ကာလအထိ သိမ်မွေ့သော ဗိသုကာလက်ရာများကို တွေ့ရသည်။ မင်းစိုးရာဇာနှင့်အထက်တန်းလွှာ လူ့အဖွဲ့အစည်းတို့ လွှမ်းမိုးထားမှုကိုလည်း လန်ဒန်တွင်မြင်ရသည်။ နေအိမ်များသည် သီးသန့်နေထိုင်သော နေရာများဖြစ်ပြီး ပြင်ပအပန်းဖြေစရာ၊ ပျော်ရွှင်စရာများမှာ အော်ပရာဇာတ်ရုံများ၊ သပ်ရပ်သောစားသောက်ဆိုင်များ ဖြစ်သည်။ မြို့သားများသည် အပြင်ထွက်ပြီး အပန်းဖြေကြသည်။ ဗြိတိန်နှင့် ဥရောပတွင် ထိုသို့အပန်းဖြေကြလေသည်။

သို့သော် ချားလ်ဒစ်ကင်း၏ စာပိုဒ်တစ်ခုကိုငှားပြီး ပြောရမည်ဆိုလျှင် ထိုအချိန်သည် အကောင်းဆုံးအချိန်များဖြစ်သည်။ အဆိုးဆုံးအချိန်များလည်း ဖြစ်သည်။ တခြားလန်ဒန်မြို့တစ်မြို့ရှိပြီး ထိုမြို့မှာ နေထိုင်သူများသည် ဘာအခွင့်အလမ်းမှမရရှိဘဲ မွေးဖွားလာသူများဖြစ်လိမ့်မည်။ မြို့သားအများစုမှာ အသက်ရှင်ရပ်တည်ရေးအတွက် အတင်းအဓမ္မအခိုင်းခံရသူများဖြစ်သည်။ ဤလူများ၏ဘဝမှာ မှိုင်းမှုန်နေကြသည်။ ဒစ်ကင်း၏ဝတ္ထုများသည် ထိုကဲ့သို့အဖြစ်အပျက်များစွာကို ဖော်ထုတ်ရေးသားခဲ့သည်။ ဝိတိုရိယခေတ်နှောင်းပိုင်းအချိန်များကိုမူ ဖယ်ထုတ်ထားသည်။ မည်သို့ပင်ဖြစ်စေ စွန့်ကြဲပေးကမ်းခြင်း၊ ကူညီထောက်ပံ့ခြင်းတို့ဖြင့်
mgyoe.com

mgyoe.com



၁၉၃၁ ခုနှစ် ဒီဇင်ဘာ
က စိန့်မော်ရစ်ဇ်တွင်
ချက်ပလင်ကို ဒေါက်ဂ
လပ်စ်ဖဲယားဘင့် နှင့်
အတူတွေ့ရပုံ

mgyoe.com

mgyoe.com



ရုပ်ရှင်လောကရောက်စ အစောပိုင်းက ကာနိုကုမ္ပဏီတွင် လုပ်ကိုင်စဉ်က သရုပ်ဆောင်ခဲ့ပုံ။

လူဆင်းရဲတို့ကို ကယ်တင်နိုင်မည် မဟုတ်။ လူဆင်းရဲတို့၏ဘဝသည် ရေရှည်ကာလ၌ ဆင်းရဲခြင်းမှ ခိုကိုးရာမဲ့ခြင်းသို့ ပြောင်းလဲသွားသည့်အခါ အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိသွားပေလိမ့်မည်။

ထိုအချိန်က အလုပ်သမားလူတန်းစားသည် အလွန်ဖွဲ့ရှိပြီး စိတ်နှလုံးကောင်းလည်း ရှိသည်။ ကြမ်းတမ်းခက်ခဲသော ဘဝအတွေ့အကြုံ ရရှိထားသည်။ ကံကြမ္မာမကောင်းလှသော်လည်း ကြိုးပမ်းအားထုတ်မှုရှိသည်။ သူတို့တွင် ဟာသရှိ၏။ သူတို့တွင် စွမ်းအားရှိ၏။ သူတို့နေထိုင်သည့်ဘဝ၊ သူတို့ကျင်လည်သည့် လမ်းများပေါ်က အတွေ့အကြုံတို့က သူတို့ အရည်အချင်းကို ဖော်ပြကြသည်။ လမ်းပေါ်တွင်ရောင်စုံအဝတ်အထည်များကို အော်ဟစ်ရောင်းချကြသည်။ လမ်းဘေးလူနေအိမ်များကြား ပျော်ရွှင် ကခုန်ပြီးဗရုတ်သုတ်ခကျနေမှုများ၊ လမ်းဘေးဖျော်ဖြေရေးသမားများ ဆိုကြ၊ ကကြ၊ မျက်လှည့်ပြကြဖြင့် ညစာထမင်းတစ်လုတ်အတွက် တတ်သည့်ပညာကို ဖော်ထုတ်ပြသကြသည်။ တယောထိုးပြရင်း၊ ကပြရင်း၊ မျက်လှည့်ပြရင်းဖြင့် ဦးထုပ်ကိုရှေ့ချကာ သဒ္ဓါကြေး တောင်းခံကြသည်။ ၁၈၈၀ ခုနှစ်များတွင် ဂီတခန်းမထွန်းကားလာခြင်းသည် အံ့သြစရာ မဟုတ်တော့ပဲ နည်းလမ်းပေါင်းစုံ သဏ္ဌာန်မျိုးစုံဖြင့် လူထုဖျော်ဖြေပွဲများမှာ ရှာန်ဒန်

mgyoe.com

mgyoe.com
မြို့တွင် ထွန်းကားနေသည်။ ထိုဆယ်စုနှစ်၏ အလယ်ပိုင်းသည် အနုပညာသမားများအတွက် ရွှေခေတ်တွင်း ရောက်ရှိလာသောကာလ ဖြစ်ပေ သည်။

လန်ဒန်တစ်မြို့တည်း၌ပင် ဂီတခန်းမပေါင်း ၃၆ ခုရှိသည်။ ထိုခန်းမများထဲ၌ ထင်ရှားသော အဲလ်ဟမ်ဘရာ Alhambra ခန်းမ၊ အပြင်အဆင်များလွန်းသော လန်ဒန်ပါဗီလီယံ London Pavilion (ယခုတိုင်ရှိဆဲ) ခန်းမ၊ နောက် လိုင်စက်စတာစကွဲယားမှာ ၁၈၈၇ ခုနှစ်ကဆောက်လုပ်ခဲ့ပြီး ယခုဝက်စ်အင်းမှာ ခေတ်မီရုပ်ရှင်ရုံကြီးတစ်ရုံဖြစ်နေသော အင်ပါယာ ခန်းမတို့ပါဝင်သည်။ ဗြိတိန်တစ်နိုင်ငံလုံးတွင် ဂီတခန်းမပေါင်း နှစ်ရာကျော်ရှိပြီး ထိုခန်းမ များ၏တံခါးမကြီးများကို ဖွင့်လှစ်ထားပါသည်။ ပြည်နယ်မြို့တော်များကလည်း နိုင်ငံ၏မြို့တော်ကဲ့သို့ပင် သူတို့မြို့များ၌ ဂီတခန်းမများရှိသည်ကို ဂုဏ်ယူကြွားဝါကြလေသည်။ ထိုသို့အနုပညာဇာတ် ရုံများ၊ ခန်းမများ ပေါများလာသည့်အတွက် အနုပညာရှင်များ၊ ဖျော်ဖြေ ရေးသမားများလည်း များပြားလာသလို ကျွမ်းကျင်ပြောင်မြောက်သော အနုပညာရှင်များ ကိုလည်း လိုအပ်လာပေသည်။

ဂီတခန်းမများတွင် အခြားအနုပညာဖျော်ဖြေမှုများလည်း ရှိသည်။ အဆိုတော်များ၊ ကချေသည်များ၊ ကျွမ်းဘားသမားများ၊ မျက်လှည့်ဆရာများ၊ လူရွှင်တော်များ၊ အမူအရာ သရုပ်ဆောင်များ၊ အသံတုဆရာများလည်း ဂီတခန်းမတွင် လာရောက်ဖျော်ဖြေကြလေသည်။ ဗြိတိန်နိုင်ငံတွင် ဒန်လီနို၊ ဗက်စတာတေလီ၊ မေရီလွိုက်တို့မှာ ထင်ရှားကြသည်။ နောင်နှစ်ပေါင်း အတန်ကြာသည့်အခါ ယခင်လူရွှင်တော်များနေရာတွင် လူသစ်တစ်ယောက်မှာ ထင်ရှားလာ သည်။ ပိန်ပိန်နှင့် မျက်နှာပေးကလည်း သုန်မှုန်နေသူတစ်ယောက်ဖြစ်သည်။ သူ့နာမည်မှာ အာသာဂျက်ဖာဆန်ဆိုသူဖြစ်ပြီး စတန်လော်ရယ်လ်ကဲ့သို့ ကမ္ဘာသိကျော်ကြားခဲ့သည်။ လော် ရယ်လ်နှင့် ဟာဒီတို့မှာလည်း ထင်ရှားသည်။

ထိုကဲ့သို့ ပေါ်ပေါက်လာခဲ့သည့် လူရွှင်တော်၊ ဟာသမင်းသားများအနက် အထင်ရှား ဆုံးနှင့် ကမ္ဘာတစ်ဝှမ်းလုံးအထိ ကျော်ကြားလူသိများသည့် မင်းသားလူရွှင်တော်တစ်ဦးပေါ် ပေါက်လာခဲ့သည်။ ထိုမင်းသားမှာ ချာလီချက်ပလင် ဖြစ်လေသည်။ ချာလီချက်ပလင်၏ ကလေးဘဝနှင့် နောက်ကြောင်းသည် ဆင်းရဲချို့တဲ့ပြီး၊ ပင်ပန်းတကြီးရုန်းကန်ခဲ့ရသည့် အတွက် သူ့ကို အထင်သေးရှုတ်ချမည်ဆိုလျှင် အရေးစိုက်စရာအကြောင်းမရှိပေ။ သူ့ကို ဂီတခန်းမများရှိသော ပတ်ဝန်းကျင်က သူ၏ပါရမီကိုနိုးဆွပြီး ဆက်ခံစေခဲ့သည်။ ထိုခန်းမများ ၌ပင် သူ၏ပါရမီကို အမြစ်တွယ်စေခဲ့သည်။ သူ၏အနုပညာကို စည်းစနစ်ကျစေခဲ့သည်။ လန်ဒန်အရှေ့တောင်ပိုင်းလမ်းများပေါ်၌ သူ့ဘဝအတွေ့အကြုံများ၊ သူ့ဘဝမှတ်တမ်း များကို ရရှိခဲ့သည်။ တစ်နေ့သောအခါ၌ ထိုအတွေ့အကြုံများကပင် သူ၏တီထွင်ဖန်တီးမှုကို ဖြစ်ပေါ် စေခဲ့ပေသည်။

mgyoe.com

mgyee.com



*ဂီတခန်းမတွင် ကျော်ကြားခဲ့သော အဆိုတော် မေရီလွိုက် ဖြစ်သည်။ အသက် ၅၂ နှစ်ရွယ်တွင် ကွယ်လွန်ခဲ့သည်။*

ချာလီသည် ဟန်နာဟီးလ်နှင့် ချားလ်ချက်ပလင်စီနီယာတို့၏ သားဖြစ်သည်။ အဖေရော အမေပါ နှစ်ဦးစလုံးသည် ဂီတခန်းမတွင် ဖျော်ဖြေသူများ ဖြစ်သည်။ ၁၈၈၀ ခုနှစ်များအတွင်းက ထိုအသက်မွေးဝမ်းကျောင်းလောကသို့ သူတို့ရောက်လာကြခြင်း ဖြစ်သည်။ ဟန်နာ၏အဖေမှာ ရိုးရိုးသားသားနှင့် နှိမ့်ချတတ်သော ဖိနပ်ချုပ်သမားတစ်ယောက် ဖြစ်သည်။ ဟန်နာနှင့် ညီမဖြစ်သူ (ချာလို့အဒေါ်၊ အန်တီကိတ်) တို့မှာ မိန်းမချောများဖြစ်ပြီး အလွန်ဆွဲဆောင်မှုရှိလှသဖြင့် ကာလသားများဝိုင်းဝိုင်းလည်နေသည်။ ၁၈၈၄ ခုနှစ်တွင် လက်မထပ်ရသေးသော ဟန်နာ ကိုယ်ဝန်ရလေတော့သည်။ ထိုကိုယ်ဝန်၏အဖေ ဘယ်သူ ဘယ်ဝါမှန်း

mgyee.com

mgyoe.com
ဟန်နာကိုယ်တိုင် မသိခဲ့ပေ။ အရွယ်ကငယ်၊ လူကလည်းလှသဖြင့် ဟန်နာသည် ယောကျ်ားလေးများနှင့် အတွဲများပြီး ချစ်သူလည်းပေါခဲ့သည်။ ဟန်နာသည် မစ္စတာဟော့ခ်ဆိုသူနှင့် တောင်အာဖရိကသို့ လိုက်သွားခဲ့သည်။ ၁၈၈၅ ခုနှစ်၊ မတ်လ ၁၆ ရက်၌ သားယောကျ်ားလေး တစ်ယောက် မွေးဖွားသည်။ ထိုကလေးကို ဆစ်ဒနီဟု နာမည်ပေးသည်။ ဟန်နာသည် ကလေးငယ်နှင့်အတူ သူမအမေ၏ ယောကျ္ာမဟောင်းအိမ်သို့ ပြောင်းရွှေ့ကာနေ ထိုင်ခဲ့သည်။ ထိုအဘွားကြီးမှာ လူနေခန်းငှားရမ်းခြင်း အလုပ်ကို လုပ်ကိုင်သည်။ မကြာခင် ကာလမှာပင် အသက် ၂၂ နှစ်အရွယ် ချားလ်ချက်ပလင်ဆိုသော ခပ်ချောချောလူငယ်လေးတစ်ယောက်လည်း ထိုအိမ်၌ လာရောက်နေထိုင်ခဲ့လေသည်။

ချက်ပလင်၏အဖေမှာ စပင်ဆာချက်ပလင်ဖြစ်ပြီး ယခင်က သားသတ်သမားအလုပ်ကို လုပ်ခဲ့ပြီးနောက် အရက်ဆိုင်ဖွင့်ရောင်းသဖြင့် အရက်ဆိုင်ပိုင်ရှင် ဖြစ်လာသည်။ စပင်ဆာ၏ ဇနီးအယ်လင်မှာ ဂျစ်ပစီမဖြစ်သည်။ ချက်ပလင်၏အမေဖြစ်၏။ ချာလီ၏အဘွားဖြစ်သည်။ ချာလီ၏ မိဘမျိုးရိုးမှာ အင်္ဂလိပ်လူမျိုးစစ်စစ်ဟုမပြောနိုင်ဘဲ၊ အင်္ဂလိပ်လူမျိုးတစ်ဦးအဖြစ်သို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်မလာခဲ့ပေ။ ထိုကဲ့သို့သောမျိုးရိုးဆင်းသက်မှုကပင် သူ့ကို ကြီးကျယ်သောအနုပညာရှင်တစ်ယောက် ဖြစ်လာစေသည်။ ထို့ကြောင့် ချာလီ၏မည်းနက်သောဆံပင်များနှင့် ဆွေးရိပ်သမ်းပြီးရီဝေသောမျက်လုံးများမှာ အဖေ့အမေ၊ အဘွားထံမှ အမွေရလိုက်ဟန်တူသည်။ ၁၈၈၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ချားလ်ချက်ပလင်သည် ဟန်နာ ဟီးလ်နှင့် လက်ထပ်လိုက်ကြသည်။ ဟန်နာမှပါလာသော ဟန်နာ့သားလေးကိုလည်း သူ့နာမည်ဆက်ခံခွင့်ပေးပြီး ဆစ်ဒနီချက်ပလင်ဟု ပေးလိုက်၏။ မမွေးသေးသောချာလီ၏ သစ္စာရှိပြီး ညီကိုအလွန်ချစ်သည့် အစ်ကိုကြီးဖြစ်လေသည်။ လက်ထပ်ပြီးသည့်အခါ သူတို့မောင်နှံသည် ရပ်တည်ရေးအတွက် အလုပ်ရှာကြသည်။ သူတို့နေသော ကင်နင်တန်ရပ်ကွက်မှာ အနုပညာသည်များလည်းပေါ၊ ဂီတခန်းမများလည်းရှိသောနေရာဖြစ်သည်။ အရက်ဆိုင်များလည်းရှိသည်။ လူအများ အပန်းဖြေဖို့အတွက် ထိုနေရာသို့ရောက်လာကြသည်။ သောက်စားသူများအတွက် အဆင်ပြေသလို၊ ဂီတကိုခံစားလိုသူများအတွက်လည်း ဂီတခန်းမအများအပြားရှိနေသဖြင့် အလွန်အဆင်ပြေသည်။ ဟန်နာနှင့် ချားလ်တို့စုံတွဲမှာ ဂီတခန်းမများတွင် သီချင်းသီဆိုခြင်းဖြင့် သူတို့ဘဝကို ရုန်းကန်ခဲ့ကြလေသည်။

ဟန်နာသည် ထူးချွန်လှသော အတုလုပ်ပြနိုင်သူဖြစ်၏။ ပါရမီရှင်တစ်ယောက်ကဲ့သို့ အသံတု၊ အမူအရာတု စသည်တို့ကို လုပ်ဆောင်နိုင်သဖြင့် ထင်ရှားသည်။ လူ့စရိုက်၊ အကျင့်နှင့် အမူအရာတို့ကို ကျွမ်းကျင်စွာလေ့လာနိုင်စွမ်းရှိသည်။ သို့သော် ဟန်နာသည် ဤစွမ်းရည်များဖြင့် သူမ၏ အလုပ်အပေါ်တွင် အမြတ်မထုတ်ခဲ့ပေ။ သူမ၏ အတုလုပ်ပြသောပညာဖြင့် သူမ၏သားငယ်များကို ပျော်ရွှင်အောင်လုပ်ပြလေ့ရှိသည်။ ထိုသားငယ်များအနက် အထွေးဆုံး
mgyoe.com

mgyoe.com



ချက်ပလင်၏ သနားစရာကောင်းသောမိခင် ဟန်နာ ဖြစ်သည်။
ချက်ပလင်သည် အမေကို အလွန်လေးစားပြီး အလွန်ချစ်သည်။
ဟန်နာသည် စိတ်ကစဉ့်ကလျား ဖြစ်သွားခဲ့သည်။ သူ့ရုပ်ရှင်
အများအပြားတွင် မိခင်အကြောင်းကို ဂုဏ်တင်ရိုက်ကူးခဲ့သည်။

mgyoe.com

mgyoe.com
သားမှာ သူမ၏အမွေကိုရသည်။ အထူးသဖြင့် အမေ၏သြဇာလွှမ်းမိုးမှု ရှိခဲ့လေသည်။ နောင် သူကြီးပြင်းလာသည့်အခါ အမေ့ခြေရာကိုနင်းပြီး သရုပ်ဆောင်ပြနိုင်သည်။ အသံတိတ်ပိတ် ကားပေါ်တွင် စကားမပြောဘဲ ဇာတ်ကောင်၏အမူအရာကို အလေးထားသရုပ်ဆောင်ခဲ့သည်။

ဟန်နာ သီချင်းဆိုပုံမှာ လှပပြီး နားထောင်၍အလွန်ကောင်းသည်။ ဇာတ်ခုံပေါ်တွင် သူမ၏နာမည်မှာ လီလီဟာလေ ဖြစ်လေသည်။ ထိုအချိန်က နာမည်ကြီးသော ဗက်စတာတီလေ၊ မာရီလွိုက်တို့နှင့် ပခုံးချင်းယှဉ်နိုင်သောအရည်အချင်းရှိသော်လည်း ဟန်နာမှာလျှမ်းလျှမ်းတောက် မကျော်ကြားခဲ့ပေ။ အလုပ်လုပ်ရင်း ကျန်းမာရေးချို့ယွင်းလာသည်။ အထူးသဖြင့် စိတ်ရောဂါစွဲကပ်လာ၏။ ထိုရောဂါသည် သူမဘဝနောက်ဆုံးအချိန်အထိ ခြောက်လှန့်သွားခဲ့လေသည်။ သူမ၏ယောက်ျားမှာ ဝင်ငွေကောင်းကောင်းရသည်။ ချားလ်သည် အလွန်ဟန်ကောင်းသော အဆိုတော်တစ်ယောက်ဖြစ်သလို အတုလုပ်ပညာမှာလည်း ကျွမ်းကျင်သည်။ နောက် ကဗျာရှည်ကြီးများကို ရွတ်ပြရာ၌ အထူးပြောင်မြောက်လှသဖြင့် ချားလ်ကို လူကြိုက်များလှသည်။ နှစ်ယောက်စလုံးမှာ ထက်သန်လွန်းများသူဖြစ်သလို ဟာသပြောင်မြောက်သူများလည်းဖြစ်သည်။ ချားလ်သည် ကျော်ကြားလာသည်။ သူ့ဇာတ်ပုံဖြင့် ဂီတဖျော်ဖြေပွဲများအတွက် ကြော်ငြာများကိုရိုက်ပြန်သည်။ သူသည် သရုပ်ဆောင်သက်သက် မလုပ်တော့ဘဲ အလွန်အောင်မြင်သော သီချင်းနှစ်ပိုဒ်ကို သူကိုယ်တိုင်ရေးစပ်ခဲ့၏။ သရုပ်ဆောင်ရာတွင်လည်း အမြဲ အဆင့်မြင့်မြင့် သရုပ်ဆောင်သည်။ ထို့ကြောင့် ထိုခေတ်က သူတို့၏ လူနေမှုမှာ အဆင့်အတန်းရှိခဲ့လေသည်။

သို့သော် ဂီတခန်းမတွင် ဖျော်ဖြေရသော အနုပညာသမားတစ်ယောက်၏ ဘဝသည် အစိုးမရချေ။ မထင်မှတ်သောပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ တစ်နေရာတွင် အလုပ်လုပ်နေရသလို ခရီးထွက်ချင်လည်း ထွက်နေရတတ်သည်။ နိုင်ငံအနှံ့သွားနေရသဖြင့် မပြီးနိုင်သောမီးရထားခရီးစဉ်များကို သည်းခံပြီးသွားလာရသည်။ အမြဲလိုလို အိမ်မှာကပ်ရသည်မရှိဘဲ ခြောက်သွေ့သော လွင်တီးခေါင်ပတ်ဝန်းကျင်မျိုး၌လည်း ခရီးထွက်နေရတတ်သည်။ သူတို့ဘဝသည် တည်ငြိမ်မှုမရှိ လှုပ်ရှားရုန်းကန်နေရသည်။ ဘဝကိုပင်ပန်းစွာကြိုးပမ်း၍ ဖြတ်သန်းနေရသည်။ ဖျော်ဖြေရေးသမားများစွာသည် သူတို့ကိုချစ်သောပရိသတ်များနှင့် ဝိုင်းဖွဲ့သောက်လေ့ရှိသည်။ အရက်ကိုသောက်ရင်း တရင်းတနှီးပွေ့ဖက်၍ ပျော်တတ်ကြသည်။ ထိုသို့ပျော်လွန်းရုံသာမက၊ သရုပ်ဆောင်ကိုသဘောကျသည့်မိန်းမ၊ ယောက်ျားပရိသတ်ထဲမှ တမ်းတမ်းစွဲဖြစ်သူများနှင့်လည်း တွေ့တတ်ကြသည်။ ထိုအခါ သဒ္ဒါလွန်ပြီး တဏှာကျွန်သည့် အဖြစ်မျိုး ကြုံရသူများလည်း ရှိသည်။ ထိုသို့စိတ်ဆင်းရဲရသည့်အဖြစ်ကို ချားလ်ချက်ပလင်လည်းကြုံရကာ အထိန်းအကွပ်လွတ်သွားသည့် အပျော်၏သားကောင်ဘဝသို့ သက်ဆင်းခဲ့ရသည်။

mgyoe.com

mgyoe.com

ဟန်နာချက်ပလင်က ဒုတိယသားကို လန်ဒန် ဝေါလ်ဝို့သ်မှ အိစ်လိန်းအိမ်တွင် မွေးဖွားစဉ် ကလေးအဖေမှာ အိမ်တွင်မရှိပေ။ ဟူးလ်တွင်ရှိသော ပါမောက္ခလီယိုတာ့ဒ်ကော်စကို၏ ဗာရိုတိုင်းခ်မှ အင်ပါရာနန်းတော်တွင် ကစားနေသောကြောင့် ဖြစ်လေသည်။ ဘော်စကိုသည် နေရာတိုင်းလိုလိုဝင်ရောပြီး ရောင်စုံစရိုက်ရှိသူဖြစ်သည်။ နှစ်ပေါင်းများစွာကြာသောအခါ သားဖြစ်သူ ချာလီချက်ပလင်က ပါမောက္ခဘော်စကို၏စရိုက်ကို ရှုးကြောင်ကြောင်ဇာတ်ကောင်အဖြစ် ရုပ်ရှင်ထဲတွင် ၂ ကြိမ် သရုပ်ဆောင်ခဲ့ဖူးသည်။ ချာလီကို သူ့အဖေက ဘော်စကို အကြောင်းအဖြစ်မှန်များကို ပြောပြဖူးသဖြင့် သူသိနေခြင်းဖြစ်၏။ ထိုအကြောင်းများကို အသံမထွက်သော ရုပ်ရှင်ဇာတ်လမ်းတိုများတွင် သူက သရုပ်ဆောင်ပြခဲ့သည်။ ချာလီသည် ငယ်စဉ်က သူ့မှတ်မိနေသောအဖြစ်များ၊ ဇာတ်လမ်းများ၊ လူနာမည်များ၊ အကျင့်စရိုက်များတို့ကို သူ၏အနုပညာဖန်တီးမှုများ၌ ထည့်သွင်းဖော်ပြခဲ့လေသည်။

အဖေချက်ပလင်ဖြစ်သော စီနီယာချက်ပလင်၏ အောင်မြင်မှုများကြောင့် သူတို့မိသားစုမှာ တင့်တောင့်တင့်တယ် နေထိုင်ခဲ့ကြရသည်။ ချားလ်စပင်ဆာချက်ပလင်လေး မွေးဖွားပြီး မကြာခင်မှာပင် ဝက်စ်စကွဲယားဒ်၌ အိမ်ကြီးဝယ်ပြီး နေနိုင်ခဲ့သည်။ ဂျော်ဂျီယာအိမ်များသည် မြင့်မားလှသဖြင့် ပန်းခြံများကို အပေါ်စီးမှ မြင်ရသည်။ ဝက်စ်စကွဲယား၏ သပ်ရပ်ခန့်ညား




*ချက်ပလင်၏အဖေ ချားလ်ချက် ပလင်စီနီယာ ဖြစ်သည်။ ဂီတခန်းမများ၌ ကျော်ကြားသော အဆိုတော်တစ်ဦးဖြစ်၏။ အသည်းရောဂါဖြင့် ကွယ်လွန်သွားသည်။ အရက်အလွန်အကျွံ သောက်ခြင်း၏ အကျိုးဆက် ဖြစ်လေသည်။ ၁၉၀၁ ခုနှစ် မေလ ၉ ရက်နေ့တွင် စိန့်သောမတ်ဆေးရုံ၌ ကွယ်လွန်သွားခြင်းဖြစ်သည်။ မကွယ်လွန်မီတစ်ပတ်ခန့်တွင် ချက်ပလင်သည် သူ့အဖေနှင့် နောက်ဆုံး တွေ့ခဲ့ရသည်။*
mgyoe.com

mgyoe.com

မှုသည် လန်ဒန်တွင် ထင်ရှားလှသည်။ ဝက်စ်စကွဲယားရှိ ဘေးရပ်ကွက်များမှာ ချို့တဲ့မွေးမိုန်နေသည်။ ဟန်နာမှာ သူမကလေးများကို အလွန်ချစ်ခင်ပြီး အလွန်ဂရုစိုက်သည်။ ပြန်လည်ကျန်းမာ၍ ဂီတဟောများသို့ သွားရောက်ဖျော်ဖြေခဲ့သော်လည်း အမြဲတမ်းကားမဟုတ်ပေ။ စိတ်ချယုံကြည်ရသည့်အိမ်ဖော်ရမှသာ ကလေးများကိုထား၍ အလုပ်ကိုသွား၏။ ထိုသို့မှမ ဟုတ်လျှင် ကြွယ်ဝသောချက်ပလင်အမျိုးအိမ်တစ်အိမ်တွင် အနိမ့်ဆုံးခဏဖြစ်ဖြစ် သွားထားတတ်လေသည်။

၁၈၉၀ ခုနှစ် နွေရာသီနှောင်းပိုင်းမှာ ချက်ပလင်စီနီယာ၏ အနုပညာကျော်ကြားမှုသည် ပို၍ ကမ္ဘာသိဖြစ်လာပြီး အမေရိကသို့ လာရောက်ဖျော်ဖြေရန် ကမ်းလှမ်းခံရသည်။ နယူးယောက်ရှိ ယူနီယံစကွဲယားဇာတ်ရုံကြီးတွင် ၂ လတာ သွားရောက်ဖျော်ဖြေဖို့ ချက်ပလင်က သဘောတူခဲ့သည်။ ထိုခရီးသည်ချားလ်နှင့် ဟန်နာတို့ အဆုံးမရှိ ခွဲနေဖို့ အခြေအနေဖန်လာသည်။ အချိန်အတော်ကြီးကြာသည်အထိ အမေရိကတွင် အချိန်ကြာမြင့်စွာ ချားလ် တစ်ယောက်နေထိုင်ခဲ့သဖြင့် သူတို့အိမ်ထောင်ရေး ပြိုကွဲခဲ့လေသည်။ ထို့ကြောင့် ၂ နှစ်သာသာရှိသေးသည့် ချာလီအဖို့ ဖခင်မဲ့ဘဝဖြင့် ကြီးပြင်းခဲ့ရသည်။ ၁၈၉၁ ခုနှစ် ဆောင်းဦးကာလတွင် ချာလီက ၂ နှစ်ခွဲရှိနေပြီး သူ့ကိုအလွန်ချစ်သော အစ်ကိုဝမ်းကွဲ ဆစ်ဒနီမှာ ၆ နှစ်ခွဲပဲရှိသေးသည်။ ထိုအချိန်တွင် ချာလီ့အမေသည် လီယိုဒရိုင်ဒင်နှင့် ဆက်သွယ်မိကြသည်။ ဒရိုင်ဒင်က ဂီတခန်းမမှ အဆိုတော်ဖြစ်ပြီး ချားလ်ချက်ပလင် သရုပ်ဆောင်ခဲ့သော အခန်းများတွင် ဝင်ရောက်ဖျော်ဖြေလေ့ရှိသည်။ ဒရိုင်ဒင်သည် လူချောတစ်ယောက်ဖြစ်၍ မိန်းမပွေသည်။ မိန်းမလည်း အလွန်စွံသည်။ အနုပညာလောကတွင် လူသိများထင်ရှားသူတစ်ယောက်ဖြစ်သည်။ ဟန်နာနှင့် ရင်းနှီးလာသောအခါ ဒရိုင်ဒင်၏အချော့အမြှူများကို ဟန်နာ တောင့်မခံနိုင်ဘဲ သာယာပြီး ငြိစွန်းသွားကြတော့သည်။

ဒရိုင်ဒင်နှင့် ဟန်နာတို့မှာ လက်လည်းမထပ် အတူလည်းမနေကြသော်လည်း ၁၈၉၂ ခုနှစ်၊ ဩဂုတ်လ၌ ဟန်နာသည် သားယောကျ်ားလေးတစ်ဦး မွေးခဲ့သည်။ ဆစ်ဒနီနှင့် ချာလီတို့၏ အမေတူအဖေကွဲ ညီဝမ်းကွဲလေးဖြစ်သည်။ ထိုကလေးကို ဂျော့ဒရိုင်ဒင်ဝှီးလားဟု နာမည်ပေးထားသည်။ သူ့အဖေ၏နာမည်အပြည့်အစုံပါသည်။ အမေက သားငယ်လေးကို သည်းသည်းလှုပ်ချစ်လေသည်။ သို့သော် ဝမ်းသာပျော်ရွှင်ခြင်းမှာ တစ်ခဏသာကြာသည်။ ခြောက်လအကြာတွင် လီယိုဒရိုင်ဒင်သည် ဟန်နာ့အိမ်ရောက်လာပြီး ကလေးကိုဆွဲလုကာ ထွက်သွားသည်။ ပြန် မတွေ့ရတော့ဘဲ စုံးစုံးမြုပ်ပျောက်ကွယ်သွားလေသည်။ ဤအဖြစ်သည် ဟန်နာနှင့် ကျန်ရစ်သော သားနှစ်ယောက်အပေါ်ကျရောက်ခဲ့သော ဒုက္ခဆင်းရဲများအနက် ပထမဆုံးပွဲဦးထွက် စိတ်သောကဖြစ်သည်။ ကလေးခေါ်သွားပြီး မရှေးမနှောင်းပင် ဟန်နာ၏ အမေသည် အရက်အလွန်အကျွံသောက်သဖြင့် အကြီးအကျယ်ဖျားလေသည်။ သူမ၏ရောဂါ

mgyoe.com

mgyoe.com
မှာ တစ်မူထူးခြားသည်။ သာမန်အဖျားမျိုးမဟုတ်ပေ။ လမ်းဘက်သ်မြို့လမ်းများပေါ်တွင် ခြေဦးတည့်ရာ သွားလာနေသဖြင့် ပြန်ခေါ်လာရသည်။ ရက်သတ္တပတ် နှစ်ပတ်လောက်အကြာတွင် သူမအား စစ်ဆေးသောဆရာဝန်က သူမသည် စိတ်ဝေဒနာသည်ဖြစ်နေကြောင်း စမ်းသပ်တွေ့ရှိရပြီး စိတ်ရောဂါကုဆေးရုံတွင် တက်ရောက်ကုသရမည်ဟု ထောက်ခံချက်ပေးသည်။ ဆေးရုံသို့တင်ပို့ခဲ့ပြီးနောက် နှစ်ပေါင်းအတန်ကြာပြီးသော် စိတ်ရောဂါကုဆေးရုံ၌ပင် ကွယ်လွန်သွားလေသည်။

နိုင်ငံခြားရောက်နေသော ဖအေဖြစ်သူ ချက်ပလင်သည် မိသားစုအပေါ် တာဝန်မကျေဘဲ မိန်းမနှင့်ကလေးများကို လုံးဝထောက်ပံ့ခြင်း မပြုခဲ့ပေ။ ဟန်နာသည် အရင်အလုပ်ဖြစ်သည့် သူနာပြုအလုပ်နှင့် အင်္ကျီချုပ်အလုပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသလို ဘုရားကျောင်းတွင် ဓမ္မတေးသီဆိုသည်။ ထိုသို့ ဘာသာရေးကိုင်းရှိုင်းမှုဖြင့် စိတ်ကိုဖြေသိမ့်ခဲ့သည်။ ကဇာတ်စင်ပေါ်သို့ ပြန်တက်ဖို့လည်း ကြိုးစားသည်။ သို့သော် ယိုယွင်းနေသော သူမကျန်းမာရေးကြောင့် ပုံမှန်မသွားနိုင်ခဲ့ပေ။ ၁၈၉၄ ခုနှစ်က တစ်ညတွင် အဲလဒါရှော့ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ သီချင်းဆိုရန်လာခဲ့သည်။ သူမနှင့် ချာလီလည်းပါလာသည်။ ထိုဆိုင်တွင် လာရောက်သော ပရိသတ်အများစုမှာ စစ်သားများဖြစ်ပြီး သူမ၏ပရိသတ်များလည်း ဖြစ်သည်။ ကျန်းမာရေးမကောင်းလှသော ဟန်နာမှာ ထိုနေ့က ဆိုင်တွင်သီချင်းဆိုနေရာမှ ရုတ်တရက် အသံမထွက်တော့ပေ။ စင်အောက်မှ ပရိသတ်မှာ ဆူညံကုန်တော့သည်။ ခုံကိုရိုက်သူကရိုက်၊ အော်သူကအော်ဖြင့် တစ်ဆိုင်လုံးပွက်လောညံသွားသည်။ ဆိုင်မန်နေဂျာမှာ ခြေလက်မကိုင်နိုင်အောင် ထိတ်လန့်နေပြီးနောက် ဟန်နာနှင့်အတူပါလာသော ချာလီကို သတိရလိုက်သည်။ ဇာတ်ခုံနောက်တွင်ရှိသော ကလေးငယ်ကိုဆွဲခေါ်လာကာ သူ့အမေနေရာအစားထိုးပြီး သီချင်းဆိုခိုင်းတော့သည်။ တစ်ခါမျှ စင်ပေါ်တက်သီချင်းမဆိုဖူးသော ချာလီသည် အစပိုင်း အိုးတိုးအတဖြစ်နေသော်လည်း ပရိသတ်၏လက်ခုပ်သံနှင့် မန်နေဂျာ၏ အားပေးမှုတို့ကြောင့် ကလေးငယ်သည် မပီကလာပီကလာဖြင့် သီချင်းတစ်ပုဒ်ကို စတင်သီဆိုဖြစ်တော့သည်။ ထိုအချိန်က ခေတ်စားနေသော နာမည်ကြီးသီချင်းတစ်ပုဒ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ချာလီ၏ ပွဲဦးထွက် စင်ပေါ်တက်သီဆိုမှုကို ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းဖြင့် သဘောကျသြဘာပေးခဲ့သည်။ သူ၏အနုပညာဘဝတွင် ပထမဆုံးနှင့် ပွဲဦးထွက်အစွမ်းပြခဲ့ခြင်းဖြစ်သလို ပထမဦးဆုံး ပရိသတ်၏သြဘာပေးမှုဆုလာဘ်ကို ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ပရိသတ်ချီးမြှင့်သော ငွေကြေးဆုလာဘ်ကိုလည်း သူ့ဘဝတွင် ပထမဆုံး ရရှိခဲ့ခြင်းဖြစ်လေသည်။

ဒေးဗစ်ရော်ဘင်ဆန်က "ချက်ပလင် သူ့ဘဝနှင့် သူ့အနုပညာ" ဆိုသည့် ချက်ပလင်၏ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဝေဖန်ရာ၌ ထိုပထမဆုံးသော သူ၏ဖျော်ဖြေမှုမှာ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့သည်။ ဇာတ်ခုံပေါ်သို့ ပရိသတ်က ပိုက်ဆံများပစ်ပေါက်၍ ဆုချီးမြှင့်မှုကို
mgyoe.com

mgyoe.com
လည်း ချာလီက နှစ်သက်ကျေနပ်သည်။ ထိုညဥ့်ပင် လုပ်ငန်းဆိုသောအသိ သူ့ခေါင်းထဲ စတင်ရောက်ရှိခဲ့လေသည်။ စင်ပေါ်ရှိ ငွေအကြွေစများကို လိုက်လံကောက်ယူရင်း ဤကဲ့သို့ ဖျော်ဖြေမှုမျိုးကို သူ ဆက်လက်လုပ်ဆောင်မည်ဟု ချာလီက ကြေညာခဲ့သည်။ သူ၏ပွဲဦးထွက် အောင်မြင်မှုကြောင့် ပရိသတ်ချီးမြှင့်သော ဆုငွေလည်းပိုများလာသလို ဖျော်ဖြေမှုကိုလည်း သူပိုပြီး သဘောကျလာသည်။ ထို့ကြောင့် ချက်ပလင်သည် သီချင်းဆက်ဆိုသလို ဆက်လက် ကပြသည်။ အောင်မြင်ကျော်ကြားသူများ၏ ဟန်ပန်ကိုတုပသရုပ်ဆောင်မှုကို လုပ်ပြသည်။ သို့သော် သူ့အမေက ကလေးအရွယ် ချာလီကို ဇာတ်ခုံပေါ်မှ ပြန်ဆွဲခေါ်လာခဲ့လေသည်။

အနာဂတ်သန်းကြွယ်သူဌေးဖြစ်လာမည့် ချက်ပလင်သည် ထိုအချိန်က ငါးနှစ်သားပဲ ရှိသေးသည်။ ချာလီ၏ ပထမဆုံးအသက်မွေးဝမ်းကျောင်းအတွက် ငွေရှာခြင်းသည် သူ့အရွယ်နှင့် နှိုင်းစာလျှင် ယုံတမ်းပုံပြင်တစ်ပုဒ်သဖွယ် ဖြစ်ခဲ့သည်။ ပတ်ဝန်းကျင်က ထိုကဲ့သို့ဖြစ်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်သည်။ ဟန်နာ၏ ယိုယွင်းနေသောကျန်းမာရေးမှာ ပို၍ဆိုးလာသည်။ ထို့ကြောင့် လမ်းဘက်သ်ဆေးရုံသို့ တင်လိုက်၏။ ပထမဆုံး ထိုဆေးရုံသို့ တင်လိုက်ခြင်းဖြစ်သော်လည်း နောက်ဆုံးတင်ခြင်းကားမဟုတ်ပေ။ ကျန်းမာရေးမှာ နဂိုအတိုင်း ပြန်ကောင်းမလာခဲ့ပေ။ သူမ၏စိတ်ဓာတ်မှာလည်း ယိုယွင်းလာသဖြင့် ကိန်းဟီးလ်စိတ်ရောဂါကုဆေးရုံ သို့ ပို့သည်။ မူလကလိုပြန်ကောင်းမလာသော်လည်း စိတ်ပြန်ငြိမ်လာခဲ့သည်။ သူမ၏နောက်ဆုံးနှစ်များကိုမူ ဟောလီးဝုဒ်တွင် ကျော်ကြားနေသောသားထံ၌ပင် ကုန်ဆုံးသွားခဲ့ပါသည်။

ဆစ်ဒနီနှင့်ချာလီတို့၏ ကလေးဘဝမှာ ရင်နာစရာကောင်းသည်။ ကျန်းမာရေး မကောင်းသောမိခင်နှင့်အတူနေခဲ့ရ၏။ မိခင်နောက်သို့ လိုက်နေရသည်။ ချို့ချို့တဲ့တဲ့နေထိုင် စားသောက်ရသည်။ နံချာလှသောအခန်းကျဉ်းလေးထဲ သားအမိသုံးယောက်နေထိုင်ခဲ့လေ သည်။ မိခင်ဖြစ်သူဆေးရုံတက်ရသည့်အခါ၊ အရွယ်မရောက်သေးသော လူမမည်ညီအစ်ကို နှစ်ယောက်မှာ ကုသိုလ်ဖြစ်စောင့်ရှောက်ရေးဌာနများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ နောက် ဆင်းရဲသည့်ကလေးများအတွက် ကျောင်းအိပ်ကျောင်းစားထားသည့်ကျောင်းတွင် ပြောင်းရွှေ့ခဲ့သည်။ နော်ဝုဒ်ကျောင်းမှာ ရေကူးကန်လည်းရှိသည်။ သာယာလှပသော ကျေး လက်သဘာဝလည်းရှိလေသည်။ လန်ဒန်အနောက်ပိုင်းရှိ ဟန်ဝဲလ်ကျောင်းသို့ရောက်သည့်အ ခါ ကျောင်းတက်လျှင် မုန့်ဖုတ်သမား၏မြင်းလှည်းနောက်တွင် အသွားအပြန်လိုက်ပါခဲ့ရ သည်။ ထိုကျောင်းသည် အစားအသောက်လည်းကောင်းပြီး ကျန်းမာရေးကိုလည်း အလေး ထား စောင့်ရှောက်သည်။ နောင်အခါ ဆစ်ဒနီသည် အိပ်စ်မောက်ရှိ ကုန်သွယ်ရေကြောင်း လေ့ကျင့်ရေးကျောင်းသို့ တက်ရောက်ခဲ့သည်။ ဆစ်ဒနီက ဝီရိယရှိပြီး ကြိုးစားသဖြင့် သင်တန်း အောင်မြင်သည်။ နှစ်အနည်းငယ်ကြာသောအခါ ပင်လယ်ခရီးအတော်များများထွက်ခဲ့ရသဖြင့်
mgyoe.com

mgyoe.com
ဝင်ငွေရလာပြီး ဆင်းရဲလှသော မိခင်နှင့် ရုန်းကန်နေရသောညီငယ်ကို ထောက်ပံ့လာနိုင်ခဲ့လေသည်။ သို့သော် တစ်ကိုယ်တည်း ခွဲနေရသည့်ချာလီအဖို့ ဘဝမှာ စိတ်ဆင်းရဲဖို့ကောင်းသည်။ ငယ်စဉ်က အစ်ကိုနှင့်အတူကြီးပြင်းခဲ့သော ချာလီမှာ ယခုလိုတစ်ကွဲစီနေရသဖြင့် အလွန်ပင် အထီးကျန်ဖြစ်ခဲ့လေသည်။ အဖေဖြစ်သူ ချာလီချက်ပလင်စီနီယာမှာ ယခုအခါ နောက်မိန်းမနှင့်အတူနေသည်၊ ကလေးတစ်ယောက်ပင်ရနေသည်။ ထိုသို့ နောက်အိမ်ထောင်ပြုသွားသော ချက်ပလင်စီနီယာမှာ သားနှစ်ယောက်၏ ပညာသင်စရိတ်နှင့် ကလေးစရိတ်ကို တာဝန်ယူရမည်ဟု တရားရုံးက အမိန့်ချခဲ့သော်လည်း ဖခင်မှာ ပျက်ကွက်ခဲ့လေသည်။

ဤသို့ဖြင့် ချာလီချက်ပလင်သည် သူ့အမေ သူ့အစ်ကိုနှင့်အတူ သုံးနှစ်ခွဲခန့်အတူနေထိုင်ခဲ့သည်။ ၁၈၉၅ ခုနှစ်မှ ၁၈၉၈ ခုနှစ်ကုန်ပိုင်းအထိဖြစ်၏။ ၁၈၉၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဟန်းဝဲလ်ကျောင်းမှ ချက်ပလင်ထွက်ခဲ့ရသည်။ ကျောင်းတွင် ၁၈ လတက်ခဲ့ရပြီး ဖခင်က သူ့အတွက် ထောက်ပံ့ကြေးမပေးသဖြင့် သူလည်းကျောင်းထွက်ရ၊ အဖေလည်း အဖမ်းခံရလေသည်။ နောက် ၂ ရက်အကြာတွင် ဆစ်ဒနီမှာလည်း သူ၏ ရေကြောင်းသင်တန်းသင်္ဘောပေါ်က ဆင်းခဲ့ရပြန်သည်။ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ချာလီ၊ ဆစ်ဒနီနှင့် သူတို့အမေသည် လမ်းဘက်သ်ရှိ ဘုံရိပ်သာတွင် ခေတ္တနေထိုင်ကြရသည်။ အိမ်ရှာမရသေးခင် တစ်ပတ်နေခွင့်ပြုထားသည်။ ဇူလိုင်လကုန်တွင် ကလေးနှစ်ယောက်ကို နော်ဝုဒ်ကျောင်းသို့ နောက်တစ်ကြိမ်ပို့လိုက်ရပြန်သည်။ သို့သော် ဩဂုတ်လ ၁၂ ရက်နေ့တွင် လမ်းဘက်သ်ဘုံရိပ်သာ ပြန်ရောက်သည်။ နောက် ၃ ရက်အကြာတွင် ချာလီနှင့် ဆစ်ဒနီကို နော်ဝုဒ်ကျောင်းသို့ ပြန်ပို့ပြန်သည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် ဟန်နာမှာ နေထိုင်မကောင်းဖြစ်လာသဖြင့် လမ်းဘက်သ်ဆေးရုံတင်ရပြီး စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျန်းမာရေးချို့တဲ့ပြီး စိတ်ဝေဒနာခံစားနေရသော အမျိုးသမီးကို ကိန်းဟီးလ်ဆေးရုံသို့ ပို့လိုက်လေသည်။

တစ်ပတ်ခန့်အကြာ၌ အုပ်ချုပ်ရေးဘုတ်အဖွဲ့က ချားလ်ချက်ပလင်စီနီယာအနေဖြင့် သူ့သားများကို စောင့်ရှောက်ရမည်ဟု ဆုံးဖြတ်သည်။ သူ့အဖေထံမပို့မီ ဘုံရိပ်သာတွင် ခေတ္တနေထိုင်ခွင့်ပြုသည်။ အဖေဖြစ်သူချက်ပလင်စီနီယာမှာ သားများကို စောင့်ရှောက်ရေးအတွက် လုံးဝ စိတ်မဝင်စားပေ။ သူ့အိမ်တွင်ခေါ်ထားဖို့ ကျွေးမွေးပြုစုဖို့အတွက် စိတ်ကူးမရှိပေ။ သားများကလည်း မိထွေးနှင့်မနေလိုကြပေ။ နိုဝင်ဘာလတွင် ဟန်နာ ဆေးရုံမှဆင်းလာသည်။ သူတို့သားအမိသုံးယောက်အဖို့ နေစရာတစ်နေရာရှာကြရပေဦးမည်။

သို့သော် ဤအချိန်၌မူ ထူးခြားပြောင်းလဲမှုတစ်ခုကား ဖြစ်လာခဲ့သည်။ ၁၈၉၈ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဖြစ်သည်။ တီဗိုလီသီယေတာ မန်ချက်စတာ Tivoli Theatre Manchester ဆိုသော ခြေကအဖွဲ့တစ်ဖွဲ့မှာ လန်ဒန်၌ နာမည်ကြီးသည့် သူတို့အဖွဲ့ကို "လန်ကယ်ရှိုင်းယား လူငယ်ရှစ်ယောက်အဖွဲ့" The Eight Lancashive Lads ဟုခေါ်
mgyoe.com

mgyoe.com
သည်။ ထို အဖွဲ့က အသက် ၉ နှစ်ခွဲသာရှိသည့် ချာလီချက်ပလင်လေးကို သူတို့အဖွဲ့တွင် ပါဝင်ကပြရန် လက်ခံလိုက်သည်။ ဒုက္ခမျက်ရည်၊ သောကတို့ဖြင့် နေစရာမရှိ စားစရာမရှိ ဘဝတွင် ကျင်လည်ခံရသော ချာလီတို့သားအမိသုံးယောက်၏ အနာဂတ်မှာ အလင်းရောင်ရလာခဲ့သည်။ ချာလီချက် ပလင်၏ ဘဝလမ်းကြောင်း ပြောင်းလဲလာခဲ့လေတော့သည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

အခန်း (၂)

# ရှင်သန်မှု



*ချာလီချက်ပလင် အသက် ၁၉ နှစ်သားအရွယ်က ပုံဖြစ်သည်။ ဖရက်ကာနိုက "သူဟာ ဘယ် သူနဲ့မှမတူဘူး တခြားသူတွေနဲ့လည်း မရောဘူး။ အဖွဲ့ထဲက ဘယ်သူနဲ့မှ စကားမပြောဘဲ ရက်ပေါင်းများစွာ နေထိုင်ခဲ့တယ်" ဟု ပြောပြသည်။*

၁၉၁၀ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှာ ဖရက်ကာနို ကုမ္ပဏီသည် ဗြိတိန်မှနေ၊ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာလာခဲ့သည်။ သူတို့ ဖရက်ကာနို အဖွဲ့သည် အလွန်ကျော်ကြားပြီး စိတ်ကူးယဉ်စရာအဖွဲ့ ဖြစ်နေပြီ။ ဗြိတိန်တွင် အောင်မြင်ကျော်ကြားသောဖျော်ဖြေရေး အနုပညာအဖွဲ့ဖြစ်ပြီး ယခုအမေရိကန်သို့ ခြေဆန့်ကာ နယူးယောက်ရှိ ကိုလိုနီ ကပွဲရုံကြီးတွင် စတင်ဖျော်ဖြေခဲ့လေသည်။ ထိုမှတစ်ဆင့် သူတို့အဖွဲ့သည် အမေရိကန်နိုင်ငံအနှံ့ မြို့ကြီးမြို့သေးပါမကျန် မရေတွက်နိုင်လောက်အောင် မြို့ပေါင်းများစွာတွင် ကပြသီဆိုခဲ့ကြလေသည်။ သူတို့အဖွဲ့သည် ထက်သန်ပြီး အလွန်အောင်မြင်နေသော အဖွဲ့တစ်ဖွဲ့ဖြစ်၍ သူတို့ဖျော်ဖြေသည့်အခါ

mgyoe.com

mgyoe.com

အလွန်ကြီးမားသော ပရိသတ်ကြီးက လာရောက်အားပေးကြသည်။ သူတို့အဖွဲ့တွင် သာမန်အဖွဲ့သားတစ်ဦးပင်ဖြစ်သော်လည်း တီထွင်မှုအရှိဆုံးသူမှာ ချာလီချက်ပလင် ဖြစ်သည်။ ထိုနိုင်ငံတွင် ပထမဆုံးအတွေ့အကြုံဖြင့် ဖျော်ဖြေသည်မှာ ပျော်ရွှင်ကြည်နူးစရာကောင်းသလို သူ၏ ကျော်ကြားမှုနှင့် ကြွယ်ဝမှုတို့ကို ထိုနိုင်ငံ၌ပင် ရရှိခဲ့သည်။ ထို့ပြင် ထိုနိုင်ငံသည်ပင် သူနေထိုင်ခဲ့သော သူ့အိမ်ရှိရာဒေသ ဖြစ်လေသည်။

* * *

ကာနိုကုမ္ပဏီ အမေရိကရောက်နေသည့်အချိန်တွင် ချက်ပလင်၏အသက်မွေးမှုမှာ ကြမ်းတမ်းဆဲဖြစ်သည်။ လန်ကက်ရှိုင်းရားလူငယ်ရှစ်ယောက်အဖွဲ့နှင့် အဆက်အသွယ်ရပြီး ဖျော်ဖြေရသည်မှာ နယ်တကာလှည့်လည်သွားလာရသည်။ ထိုသို့နယ်လှည့်ဖျော်ဖြေရသော ပင်ပန်းသည့်ဘဝမှာ သူ့အဖေလိုပင် ဖြစ်သည်။ ချာလီသည် ထိုအဖွဲ့ထဲလိုက်ရသည့်အရွယ်မှာ ကလေးဘဝတွင်ဖြစ်၍ သူ့လိုအခြားကလေးများလည်း ရှိသဖြင့် သူတို့ကို ကလေးလိုပင် သဘောထားပြီး ကလေးအဖြစ် ပြုစုကြသည်။ သူ့ကို ကျောင်းပို့သည်။ လန်ဒန်ရှိ မန်ချက်စတာမှကျောင်းတွင် စာသင်ရသည်။ နောက်လီဗာပူးလ်ရှိ စိန့်ဖရန်စစ်ဇေးဗီးယားကျောင်းသို့လည်း တက်ရသည်။ ကျောင်းတက်ရသည်ဆိုသော်လည်း စနစ်တကျ မဟုတ်ပေ။ အဖွဲ့ထဲရှိကလေးများသည် ကဇာတ်အဖွဲ့ရောက်လေရာတွင် ကျောင်းပြောင်းတက်ရ၏။ နယ်တကာလှည့်နေရသဖြင့် တည်ငြိမ်သောပညာရေးမဟုတ်တော့ဘဲ ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေလေသည်။

လန်ကက်ရှိုင်းရားလူငယ်ရှစ်ယောက်အဖွဲ့တွင် အမှန်တကယ် လူငယ်ရှစ်ယောက်နှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ချာလီရောက်သွားသည့်အချိန်တွင် တစ်ယောက်မှာ ဆံပင်တိုတိုနှင့် မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ ထိုလူငယ်များကို မစ္စတာဝီလီယံဂျက်ဆင်ဆိုသူက စုစည်းပြီး စီမံခဲ့ခြင်းဖြစ်သည်။ သူသည် ဂုဏ်သရေရှိ အိမ်ထောင်သည်အမျိုးသားကြီး တစ်ယောက်ဖြစ်ပြီး ကက်သလစ်ဘာသာဝင်တစ်ဦးလည်း ဖြစ်လေသည်။ သူ့သားများကိုလည်း ဤအက အဖွဲ့ထဲတွင် ထည့်ထားသည်။ ဝီလီယံဂျက်ဆင်သည် အဖေဖြစ်သူ စီနီယာချက်ပလင်နှင့် သိကျွမ်းသည်။ ထို့ကြောင့် အဖေဖြစ်သူ၏ တိုက်တွန်းမှုကြောင့် သားဖြစ်သူ ဂျူနီယာချက်ပလင်ကို အကအဖွဲ့ထဲထည့်သွင်းထားပုံရလေသည်။ ချက်ပလင်၏ နေရေး၊ စားရေးတို့ကို အကအဖွဲ့က တာဝန်ယူထားသည်။ ကျောင်းစရိတ်ကအစ အကအဖွဲ့က အကုန်ခံသည်။ သို့သော် အမေဖြစ်သူ ဟန်နာ့လက်ထဲသို့ တစ်ပတ်လျှင် ၂ သျှီလင် ၆ ပဲနိ ပေးသည်။ ရက်ရောလှသော အခဖြစ်သည်။ အဖွဲ့ထဲသို့ အသစ်ရောက်လာသော ချက်ပလင်သည် သူ၏ခြေအကကို ၆ ပတ်လောက် အစမ်းလေ့ကျင့်ပြီးမှ စင်ပေါ်တက်ပြီး ပရိသတ်ကို

mgyoe.com

mgyoe.com




ကာနိုး၏ အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည်။ ကာနိုသည် ဂီတခန်းမကို ပြောင်းလဲခဲ့သော အဓိကအင်အားဖြစ်သည်။ သူသည် ပါရမီရှိသောလူများကို စည်းရုံးခဲ့လေသည်။

mgyoe.com

mgyoe.com

ကပြရလေသည်။ စင်ပေါ်စတက်စဉ်က ပရိသတ်ကို ကြောက်ခဲ့သည်ဟု နောင် သူက ပြောပြသည်။

လန်ကက်ရှိုင်းယား လူငယ်အဖွဲ့မှာ လူတိုင်းပါဝင်ခွင့် မရှိပေ။ စည်းကမ်းကြီးပြီး အကန့်အသတ်နှင့် ဖြစ်သည်။ ချက်ပလင်မှာ အဖွဲ့၏ စည်းကမ်းများအတိုင်း နေထိုင်ရသည်။ ကပွဲများအတွက်လည်း စနစ်တကျ လေ့ကျင့်ရသည်။ ထို့ကြောင့် ဂီတခန်းမစာစောင်တွင် စာနယ်ဇင်းဆရာတစ်ဦးက ထိုအဖွဲ့အကြောင်း စည်းကမ်းကြီးပုံနှင့် အဆင့်မြင့်ပုံအကြောင်းကို ရေးသားခဲ့သည်။ ထိုသို့ အနုပညာပြောင်မြောက်ပြီး အဆင့်မြင့်ရသည်မှာ ထိုအဖွဲ့သည် အစဉ်အလာမှ ခွဲထွက်ပြီး ဆန်းသစ်သော ပင်လယ်ပြင်ထဲ ရဲရင့်စွာ ခုန်ဆင်းခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ရေးသားထားသည်။ လန်ကက်ရှိုင်းယား လူငယ်များမှာ အလွန်သားနားပြီး ရည်မွန်ကြသည်။ လူငယ်များအတွက် စံနမူနာများဟုပင် ပြောရလောက်သည်။ အဝတ်အစားအချိုးကျ သေသပ်သလို အနေအထိုင် အပြောအဆိုမှာလည်း သိမ်မွေ့လှသဖြင့် သူတို့၏ပုံရိပ်များမှာ မျက်စိပသာဒရှိသလို အခြားလူငယ်များအတွက် စံပြဖြစ်သည်ဟု ချီးမွမ်းကြလေသည်။



*အမေရိကသို့ ကာနိုလူညှလည်ဖျော်ဖြေစဉ်က လိုက်ပါလာခဲ့သော ချက်ပလင် ငယ်စဉ်ကပုံဖြစ်သည်။ ထိုဓာတ်ပုံကို သူပေးခဲ့သူမှာ မေဘယ်လ်ဖြစ်သည်။ ချက်ပလင်က "ကျွန်တော်က သူ့ကို မေဘယ်လ်လို့ပဲခေါ်တယ်။ မေဘယ်လ်က နာမည်မဟုတ်ဘူး။ သူ့ကိုအငယ်လေးလို့လည်းမခေါ်ပါဘူး"ဟု ပြောပြသည်။*

mgyoe.com

mgyoe.com




၁၉၁၆ ခုနှစ်က *Mutual Film* မှထုတ်လုပ်သော *The Fireman* "မီးသတ်သမား" ရုပ်ရှင်ကား၏ ကြော်ငြာပိုစတာဖြစ်သည်။ ထိုမီးသတ်သမားရုပ်ရှင်ကားကို တကယ့်မီးသတ်ဌာနက မီးလောင်နေသော အိမ်နှစ်အိမ်တွင် မီးသတ်စဉ် ရိုက်ကူးထားခြင်းဖြစ်လေသည်။

ဂျက်ဆန်၏သားများက ချာလီ သူတို့အဖွဲ့ထဲ စတင်ရောက်ရှိလာပုံကို ပြန်ပြောပြသည်။ "သူရောက်လာတော့ သူဆံပင်ကို စပြင်ပေးရတယ်၊ ဆံပင်တွေက ကောက်ကွေးပြီး ပခုံးပေါ် ဝဲကျနေတယ်၊ ဖျာစတွေကို တိုးလိုးတွဲလောင်းနဲ့ အနေတော်ညှပ်ပေးပြီး သပ်သပ်ရပ်ရပ်လုပ်ပေးရတယ်" ၁၉၀၀ ပြည့်နှစ်မှာ လန်ကက်ရှိုင်းယား လူငယ်များနှင့်အတူ ချာလီနေထိုင်ခဲ့သည်။ သူတို့၏ ဂီတခန်းမဖျော်ဖြေပွဲများမှာ အသစ်ဖွင့်လှစ်လိုက်သော လန်ဒန်ဟစ်ပို့ဒရုန်းကပွဲများကြောင့် ယခင်လို မစည်ကားတော့ပေ။ ထိုဇာတ်ရုံတွင် လာရောက်ဖျော်ဖြေသော ပြင်သစ်လူရွှင်တော် မာစယ်လိုင်းဟန်ပန်ကို သွားကြည့်သော ချာလီက အလွန်သဘောကျ၏။ ထို့ကြောင့် မာစယ်လိုင်းပုံစံအတိုင်းအတုယူပြီး သူကပြခဲ့၏။ ခြေတစ်ဖက်မြှောက်ပြီး သစ်ပင်ကိုပန်းနေသော ခွေးတစ်ကောင်၏ပုံစံလုပ်ပြရာ ပရိသတ်များမှာ တဝါးဝါးဖြင့် အကြီးအကျယ်ပွဲကျသွား၏။သို့သော် အုပ်ချုပ်သူများက ထိုပြက်လုံးကို သဘောမကျပေ။ နောင် ထိုပြက်လုံးကို စင်ပေါ်တွင် ထပ်မပြက်ရဟု ချက်ပလင်ကို တားမြစ်ခဲ့သည်။

နှစ်ကုန်သောအခါ ချာလီနှင့် ဂျက်ဆန်တို့ လမ်းခွဲခဲ့ကြသည်။ ဘာကြောင့်လမ်းခွဲရသည်၊ ချာလီ ဘာ့ကြောင့် ထွက်သွားသည်ကိုကား အတိအကျမသိရပေ။ သို့သော် ချာလီလုပ်

mgyoe.com

mgyoe.com

ကိုင်နေရသည်ကို ဟန်နာက သဘောကျပုံမရပေ။ သူမသားကို ကဇာတ်အဖွဲ့က ဂရုမစိုက်ဘဲ ပစ်ထားသည်ဟု ခံစားရပြီး နုတ်ထွက်စေခြင်း ဖြစ်လေသည်။ မည်သည့်အကြောင်းနှင့်ပင် ဖြစ်စေ ဖူးပွင့်စလူငယ်အနုပညာရှင်လေးမှာ အလုပ်လက်မဲ့ဖြစ်သွားခဲ့သည်။ ကျောင်းလည်း ပုံမှန်မတက်ရ၍ ကျောင်းပညာ ဟိုမရောက် သည်မရောက်နှင့်၊ ယောင်ခြောက်ဆယ် လူငယ်က လေး၏ အနာဂတ်မှာ မရေရာတော့ပေ။ အစပိုင်း နှစ်နှစ် သုံးနှစ်လောက်မှာ သူတို့မိသားစု ဘဝသည် လုံခြုံမှုမရှိဘဲ ခက်ခဲလှပေသည်။ ဟန်နာ၏ ကျန်းမာရေးမှာလည်း ထူးခြားမလာ ခဲ့ပေ။ ဆစ်ဒနီမှာလည်း အလုပ်မရသေးပေ။ ၁၉၀၁ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ချားလ်ချက် ပလင်စီနီယာကွယ်လွန်သွားခဲ့လေသည်။ မသေခင် တစ်လ နှစ်လလောက်က သူ့သား ချစ်ခင် ကြောင်း၊ သူ့ဇနီးကိုလည်း မမေ့သေးကြောင်း ပြသခဲ့သည်။ ဟန်နာနှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့သည်။ သို့သော် အရက်အလွန်အကျွံသောက်သုံးခဲ့သဖြင့် အသည်းကျွမ်းနေပြီဖြစ်သော ချက်ပလင်စီနီယာကို စိန့်သောမတ်ဆေးရုံသို့ တင်ပို့လိုက်ကြ၏။ အမြဲကြော့ရှင်းသပ်ရပ်နေ ပြီး လူချောတစ်ယောက်ဖြစ်သည့် ချားလ်ချက်ပလင်စီနီယာမှာ ထိုဆေးရုံမှ အသက်ရှင်လျက် ပြန်မလာနိုင်တော့ပေ။ သူကွယ်လွန်ချိန်တွင် အသက် ၃၇ နှစ်သာ ရှိသေးသည်။

ဖတဆိုးသားလေးသည် လူမမာမအေ၏တာဝန်ကို ငယ်ငယ်ရွယ်ရွယ်နှင့် ထမ်းဆောင် နေရသည်။ ထိုကဲ့သို့ ငတ်တစ်လှည့် ပြတ်တစ်လှည့်နေထိုင်၍မဖြစ်၊ သူတို့ မိသားစု စားဝတ် နေရေးအတွက် အလုပ်တစ်ခုခုလုပ်မှဖြစ်မည်ဟု သူစဉ်းစားပြီး လောလောဆယ် အလိုအပ် ဆုံးငွေကြေးအတွက် ငယ်ရွယ်သောဘဝ၌ပင် အလုပ်ရှာဖွေခဲ့သည်။ တွေ့ရာကျပန်းအလုပ် မှန်သမျှကို လုပ်ကိုင်သည်။ အလုပ်မျိုးစုံကိုလုပ်၏။ ဘာအလုပ်မှမရွေးဘဲ ပိုက်ဆံရသည့် အလုပ်မှန်သမျှကို လုပ်ကိုင်သည်။ လမ်းတကာလှည့်ပြီး ပန်းရောင်းသည်။ စက္ကူပန်းအဖူး အပွင့်လေးများကို လုပ်ရောင်းသည်။ သူ့အမေက ထိုအလုပ်ကိုလည်း သဘောမကျပေ။ နောက် ဆံပင်ညှပ်ဆိုင်တွင်လုပ်သည်။ လက်တိုလက်တောင်းလုပ်ပေးရ၏။ နောက် ဖယောင်း တိုင်ရောင်းသည်။ ဖယောင်းတိုင်ရောင်းရင်း ဆရာဝန်တစ်ယောက်နှင့် သိကျွမ်းခဲ့ရ၏။ ဆရာဝန် ကတော်က ချက်ပလင်လေးကို သဘောကျ၏။ ပန်းထိမ်လုပ်ငန်းတစ်ခုကို သူသွားပြီး အလုပ် ခန့်ဖို့တောင်း၏။ ပန်းထိမ်အလုပ်က တိကျရသည်။ သူက ငယ်ရွယ် လှသဖြင့် သူ့ကို အလုပ် မခန့်ပေ။ နောက် ဖန်ခွက်စက်ရုံတစ်ရုံတွင် ဝင်လုပ်ပြန်သည်။ သို့သော် ကြာရှည်မလုပ်နိုင်တော့ ဘဲ ထွက်ခဲ့လေသည်။

အရောင်းအဝယ်သမားစိတ်ဓာတ်ရှိသော ချာလီသည် ဈေးသည်ပြန်ဖြစ်သွားသည်။ လမ်းပေါ်တွင် ဈေးဗန်းတစ်ဗန်းနှင့် ပစ္စည်းစုံလှည့်လည်ရောင်းချသည့် ဈေးသည်အလုပ်မျိုးကို သူသဘောကျသည်။ ထို့ကြောင့် သူ့စိတ်ကူးကို အကောင်အထည်ဖော်သည့်အကြောင်း သူ ပြန်ပြောပြသည်။

mgyoe.com

mgyoe.com
"အိမ်မှာ မသုံးတော့တဲ့ အဝတ်အစားတွေ၊ မတော်ဘဲပစ်ထားတဲ့ အဝတ်အစားအဟောင်းတွေကို တစ်အိမ်လုံးမွှေနှောက်ရှာပြီး တွေ့သမျှစုထားတယ်၊ ရတာနဲ့ လမ်းပေါ်ပြေးထွက်ခဲ့ပါတယ်၊ ထင်းရှူးသေတ္တာတစ်လုံးပေါ်တက်ပြီး ကလေးသံ စူးစူးလေးနဲ့ ကျွန်တော့်အဝတ်အဟောင်းတွေကို အော်ရောင်းတော့တာပေါ့၊ အဝတ်တွေကို လမ်းဘေးပုံပြီး အော်ရောင်းနေတဲ့ ကျွန်တော့်ကိုမြင်တော့ ခရီးသွားတွေက ကျွန်တော့်ကို တအံ့တဩနဲ့ ရပ်ပြီးကြည့်သွားကြတယ်၊ ပုံထားတဲ့အဝတ်တွေကို သဘောကျတဲ့သူတွေကလည်း ကျွန်တော့်ကို သနားတာကို ဘေးချိတ်ပြီး အဝတ်တွေကို ရွေးဝယ်သွားကြပါတယ်၊ အဲဒီည အိမ်ပြန်တော့ ကျွန်တော့်လက်ထဲမှာ ၁ သျှီလင်နဲ့ ၆ ဆင့် ပါလာခဲ့ပါတယ်"

ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးလောကထဲ ခဏတစ်ဖြုတ်ဝင်လာခဲ့ပြီးတဲ့နောက် အရုပ်လုပ်တဲ့ဘက်ကို သူ အာရုံရောက်သွားပြန်တယ်။ အရုပ်လုပ်ရောင်းနေတာကိုတွေ့တော့ သူသဘောကျသွားပြီး အိမ်မှာ အရုပ်လုပ်ဖို့ ပစ္စည်းတွေဝယ်သွားတယ်။ ဒါပေမဲ့ အရုပ်ကပ်မယ့် ကော်နံ့ကို ဟန်နာ မခံနိုင်တာကြောင့် သူ့လုပ်ငန်းကို စွန့်လိုက်ရပြန်တယ်။ ကျပန်းအလုပ်မျိုးစုံလုပ်ပြီး ဘဝကို ဖြတ်သန်းကျော်လွှားလာခဲ့တဲ့ ချက်ပလင်ဟာ နောင် အနှစ် ၃၀ ကြာတဲ့အခါ သူ့မိတ်ဆွေတစ်ယောက်ကို "အဲဒီတုန်းက ကျွန်တော် ဘာအလုပ်မှ အဆင်မပြေဘဲ၊ တခြားလုပ်စရာလည်းဘာမှမရှိတော့ဘူးဆိုရင် နောက်ဆုံးအရုပ်လုပ်ရောင်းမှာ သေချာတယ်"ဟု ပြောပြ လေသည်။

ထိုအချိန်ကာလများမှာ ချာလီချက်ပလင်၏ ဘဝမှာ ကြမ်းတမ်းလှသည်။ အသက် ၁၁ နှစ်အရွယ် (၁၂နှစ်၊ ၁၃နှစ်အထိ) တွင် တွေ့သမျှအလုပ်ကို အသက်ရှင်ရပ်တည်ရေးအတွက် ကုန်းရုန်းလုပ်ရသည်။ ထိုသို့ဝမ်းစာရှာရင်းကပင် ဇာတ်ခုံကိုလည်း အိပ်မက်မက်နေခဲ့သည်။ ဝေဒနာသည်အမေအတွက်လည်း ဆေးဖိုးရှာရသေးသည်။ ၁၉၀၃ ခုနှစ် မေလတွင် သူ့အမေရောဂါဆိုးလာသဖြင့် ဆေးရုံတင်လိုက်ရပြန်သည်။ သူ့အစ်ကို ဆစ်ဒနီမှာလည်း ပင်လယ်ထဲရောက်နေသည်။ လောကကြီးအလယ်တွင် လူမမည်ချာလီလေးတစ်ယောက်တည်း ကမ်းမမြင်လမ်းမမြင် ရုန်းကန်ခဲ့ရ၏။ မိတ်ဆွေများ၏သနားကြင်နာမှုနှင့် သူ၏အသိဉာဏ်တို့ကြောင့် ရှင်သန်ခဲ့ရခြင်းဖြစ်သည်။ နောက် ၂ လခန့်အကြာ၌ ပင်လယ်ခရီးမှ ဆစ်ဒနီပြန်ရောက်လာ၏။ ယခုအခါ အိမ်၌ပင်နေတော့မည်ဟု ဆစ်ဒနီက စဉ်းစား၏။ ချာလီက သူ့အစ်ကိုပြန်လာသဖြင့် ဝမ်းသာသွားသည်။ အားလည်းရှိလာသည်။ ဆစ်ဒနီပြန်လာသဖြင့် ဇာတ်ခုံပေါ်ပြန်တက်ရမည်ကို မျှော်လင့်မိလေသည်။ ကလေးနှစ်ယောက်၏ဘဝနှင့် သူတို့၏ ရည်မှန်းချက်များ ကွာလှမ်းလှသည်ကို မသိရှာကြပေ။

ချာလီချက်ပလင်မှာ အသက် ၁၄ နှစ်ရှိပြီ။ ဇာတ်ခုံပေါ်တက်ပြီး သရုပ်ဆောင်ပြချင်သော ရည်မှန်းချက်က အားကောင်းဆဲပင်။ မဖြစ်ဖြစ်အောင်လုပ်မည်ဟု ဆုံးဖြတ်ပြီး အိပ်ချိ
mgyoe.com

လက်မှိုးထဲတွင် သူ့နာမည်ကို စာရင်းပေးထားခဲ့၏။ ဘလက်မိုးမှာ ကဇာတ်ရုံအေးဂျင့်အဖြစ် လူသိအလွန်များသည်။ မကြာခင် ချက်ပလင်ကိုခေါ်ပြီး မေးမြန်းခဲ့သည်။ သူမေးသည့် ချာတိတ်၏ရုပ်ရည်နှင့်ဟန်ပန်ကို ဘလက်မိုးက သဘောကျသည်။ ထို့ကြောင့် ချာလီ ချက်ပလင်ကို ဇာတ်ဆရာချားလ်ဖရိုမန်၏ရုံးခန်းသို့ လွှတ်လိုက်သည်။ (ဖရိုမန်သည် ၁၉၁၅ ခုနှစ်က လူစီတာ နီးယားသင်္ဘောကြီးနစ်မြုပ်စဉ်က ပါသွားပြီး ကွယ်လွန်ခဲ့သည်) ဖရိုမန်ကလည်း ချာလီကိုသဘောကျကာ ဇာတ်ဆောင်လုပ်ဖို့ ရွေးလိုက်သည်။ ဖရိုမန်၏ မန်နေဂျာက သူ့ကိုတွေ့ဆုံပြီး စာချုပ်လက်မှတ်ထိုးခိုင်းလေသည်။ အသစ်ထုတ်လုပ်မည့် ရှားလော့ဟုမ်းဇာတ်လမ်းတွင် ချာလီက တံခါးစောင့်ကလေး ဘီလီအဖြစ် သရုပ်ဆောင်ရမည် ဖြစ်လေသည်။

အောက်တိုဘာလတွင် ထိုဇာတ်လမ်း စတင်တင်ဆက်သည့် အဓိကသရုပ်ဆောင်မှာ ကျော်ကြားသောမင်းသားလည်းဖြစ်၊ ပြဇာတ်ရေးဆရာလည်းဖြစ်သည့် အိပ်ချ်၊ အေ၊ စိန့်ဘာရီ ဖြစ်သည်။ ချက်ပလင်လေး၏လုပ်ခမှာ တစ်ပတ်လျှင် ၂ ပေါင်နှင့် ၁၀ သျှိလင်ဖြစ်၍ သူ၏ ယခင်ကာလများတွင် အိပ်မက်ပင်မမက်ခဲ့ဖူးသော အလွန်များပြားသည့် ငွေကြေးပမာဏ ဖြစ်လေသည်။ လပေါင်းအတန်ကြာသည်အထိ အစမ်းလေ့ကျင့်ကြရသည်။ ဖရိုမန်၏ မန်နေဂျာက ချာတိတ်ကို စိန့်ဘာရီထံ ပို့လိုက်၏။ စိန့်ဘာရီမှာ သူရေးသောဇာတ်ညွှန်းအသစ်ကို သူကိုယ်တိုင်သရုပ်ဆောင်ခြင်းဖြစ်သည်။ စိန့်ဘာရီက ချက်ပလင်၏ ပင်ကိုစရိုက်ကို ချက်ချင်း သဘောကျသွားသည်။ ထို့ကြောင့် ဇာတ်လမ်းထဲတွင် လန်ဒန်အရှေ့ပိုင်းသား သတင်းစာပို့ လူငယ်လေး ဆမ်မီအဖြစ် သူ့ကို ရွေးချယ်လိုက်သည်။ ထိုအခန်းမှာ အဓိကကျသော ဇာတ်ပို့ ခန်းဖြစ်သည်။ ထိုခေတ်က ပြဇာတ်များမှာ ဇာတ်ကောင်ရွေးချယ်မှု အရေးကြီးသည်။ ပရိသတ်နှင့် ဝေဖန်ရေးဆရာများက အသေအချာကြည့်ရှုနေပြီး၊ ဇာတ်ကောင်ရွေးချယ်မှု မှားယွင်းပြီး ပရိသတ်သဘောမကျလျှင် ဝေဖန်ရေးဆရာများက ပယ်ပယ်နယ်နယ် ရေးသားဝေဖန်လိုက် လျှင် သက်ဆိုးမရှည်ဘဲ ဖျာလိပ်ပြန်ရတတ်သည်။

ချာလီမှာ တာထွက်ကောင်းလေသည်။ ဝေဖန်ရေးဆရာများရော ပရိသတ်ကပါ လက်ခံသဖြင့် ရှေ့ဆက်နိုင်ပြီ ဖြစ်သည်။ ဝေဖန်ရေးဆရာများကလည်း ချာလီ၏သရုပ်ဆောင်မှုကို ရိုးသားပြီး သစ္စာရှိသောကလေးတစ်ယောက်အဖြစ် ပီပြင်အောင် သရုပ်ဆောင်သွားသည်ဟု ရေးသားကြသည်။ သတင်းစာများကလည်း သူ့ကို ချီးကျူးသည်။ ပြဇာတ်ကို ဝေဖန်ပြီး ဆမ်မီကို ချီးကျူးကြလေသည်။ "ပြဇာတ်မှာ အားရစရာမကောင်းလှသော်လည်း ဆမ်မီအဖြစ် သရုပ်ဆောင်သူမှာ သူ့အခန်းကို ပီပြင်အောင် သရုပ်ဆောင်ပြနိုင်သည်။ သတင်းစာရောင်းသူ လူငယ် လန်ဒန်မြို့တော်လမ်းပေါ်မှ အာရပ်လေးတစ်ဦးအဖြစ် ပရိသတ်ကို ရယ်မောအောင် လုပ်ပြနိုင်သည်။ ထွန်းတောက်သော ကလေးသရုပ်ဆောင်တစ်ဦး ဖြစ်သည်။ ယခင်က သူ့ကို

mgype.com

mgyoe.com

မတွေ့ဖူး မကြားဖူးသော်လည်း အနာဂတ်တွင် အလားအလာရှိသည့် ကလေးသရုပ်ဆောင် ဖြစ်လေသည်"ဟု ချီးမွမ်းကြလေသည်။

ရှားလော့ဟုမ်းကို ၁၉၀၃ ခုနှစ်၊ ဇူလိုင်လတွင် စကသည်။ ပိုက်ချက်ပဲလ်လမ်းရှိ ပါဗီလီယမ်ဇာတ်ရုံကြီးတွင် တင်ဆက်သည်။ အကြီးဆုံးဇာတ်ရုံကြီးဖြစ်ပြီး ထိုင်ခုံပေါင်း ၂၆၅၀ ခုံရှိလေသည်။ လန်ဒန်တွင်ကပြီးမှ နယ်လှည့်ကပြကြသည်။ ချာလီချက်ပလင်က ဘီလီအဖြစ် ကပြ၏။ သူ၏ ပွဲဦးထွက်ဖြစ်သည်။ နယ်လှည့်ပြီး ၃ ကြိမ်ကပြရပြီး ၁၉၀၅ ခုနှစ်တွင် ၄ ကြိမ်မြောက်နယ်လှည့်ခဲ့ရသည်။

ငယ်ရွယ်သော ချက်ပလင်လေးသည် ကိုနင်ဒွိုင်း၏ ထင်ရှားသော ဂန္ထဝင်ဇာတ်လမ်းကို ၃ နှစ်ကျော်ကျော် အကောင်းဆုံးသရုပ်ဆောင်ခဲ့သည်။ နောက်ဆုံး ထိုဇာတ်လမ်းကို သူနားလိုက်သည်။ ထိုအချိန်မှစ၍ အသက် ၁၄ နှစ်သား လူလေလူလွင့်ကလေးတစ်ယောက် ဘဝက အသက် ၁၇ နှစ်သားတွင် ကမ္ဘာသိလူငယ်တစ်ယောက်အဖြစ် ထင်ရှားလာသည်။ ငွေကြေးကြွယ်ဝမှုမှာလည်း မယုံနိုင်လောက်အောင် ပေါကြွယ်လာသည်။ ငွေကြေးနှင့်အခွင့်အလမ်းတို့ကို အချိန်မရွေး ဖန်တီး၍ ရလာသည်။ ရုပ်ရှင်ပိတ်ကားပေါ်ရောက်လာသော ချက်



***Essanay*** *ရုပ်ရှင်မှ ၁၉၁၅ ခုနှစ်တွင် ပြသသော* ***The Champion*** *ရုပ်ရှင်ကားတွင် ချာလီ သရုပ်ဆောင်ပုံ။ ဝက်အူချောင်းကို ခွေးနှင့်မျှစားနေပုံဖြစ်သည်။*

mgyoe.com

mgyoe.com



*၁၉၀၆ ခုနှစ်က ကာစီကုတ်ဆပ်ကပ်ကုမ္ပဏီတွင် အလုပ်လုပ်စဉ်က ဒေါက်တာဝေါလ်ဖို့ဒ်*
*ဘိုဒီပြဇာတ်တွင် ဒေါက်တာဘိုဒီအဖြစ် ချာလီသရုပ်ဆောင်ခဲ့စဉ်*

ပလင်အဖို့ ကင်မရာသည် သူ့ကို ထာဝရရှင်သန်နေစေသော ကိုယ်စားလှယ်ဖြစ်လာလေသည်။


ချက်ပလင်သည် ကင်မရာတစ်လုံးကို သူ၏ တစ်ပတ်စာ ပထမဆုံးလုပ်ခထဲမှနေ ဝယ်ယူလိုက်သည်။ တခြားရည်ရွယ်ချက်မရှိသော်လည်း ထိုကင်မရာဖြင့် အပိုဝင်ငွေရအောင်

mgyoe.com

mgyoe.com

ရှာမည်ဟု စိတ်ကူးမိသည်။ လူစည်သည့်နေရာများတွင် ရုံးပိတ်ရက်များ၌ အခယူပြီး ဓာတ်ပုံရိုက်ဖို့ စီစဉ်ထားသည်။ လမ်းပေါ်မှ အချိန်ပိုင်းဓာတ်ပုံဆရာလုပ်ရန် ချက်ပလင် စိတ်ကူးရခဲ့သည်။ ချက်ပလင်သည် ဆမ်မီအဖြစ် သရုပ်ဆောင်စဉ်က သူစာမဖတ်တတ်သေးပေ။ ဇာတ်လမ်းတွင် စာဖတ်ရမည့်အခန်းလည်းပါသည်။ သင်ပေးသည့်အတိုင်း ဖတ်ပြရာတွင်လည်း အသံထွက်က မမှန်ပေ။ ထို့ကြောင့် ဆစ်ဒနီက စာကြောင်းများကို အသံထွက်မှန်အောင် ဖတ်ပြပြီး သူ့ကို တစ်ကြောင်းချင်း သင်ပေးသည်။ အထပ်ထပ်အခါခါ အလွတ်ကျက်မှတ်နိုင်းပြီး ဉာဏ်ကောင်းသောချက်ပလင်အဖို့ ကံကောင်းစွာဖြင့် ဖတ်ပြရမည့်စာများကို အလွတ်ရခဲ့လေသည်။

ထိုအချိန်တွင် ဆစ်ဒနီမှာ သူ့ညီလောက် အောင်မြင်မှုမရရှာပေ။ အချိန်ကြာမြင့်စွာကတည်းက သူဖြစ်ချင်ခဲ့သော ရုပ်ရှင်မင်းသားမျှော်မှန်းချက်မှာလည်း မဖြစ်ထွန်းခဲ့ချေ။ အရက်ဆိုင်တစ်ဆိုင်၏ ဘားကောင်တာတွင် အရက်ငှဲ့ပေးသူအဖြစ် အလုပ်လုပ်သည်။ ရှားလော့ဟုမ်းပြဇာတ်တွင် နိုင်ငံခြားမြို့စားကြီးဗန်စတာလ်ဘာ့ဂ်အဖြစ်၊ ၁၉၀၃ ခုနှစ်အကုန်က သရုပ်ဆောင်ခဲ့သည်။ ချာလီအောင်မြင်လာသည့်အခါ ဆစ်ဒနီကို မန်နေဂျာအဖြစ်ဆောင်ရွက်ရန် ငှားရမ်းခဲ့သဖြင့် ညီအစ်ကိုနှစ်ယောက် ပြန်လည်ပေါင်းစည်းနိုင်ခဲ့သည်။ နယ်လှည့်



၁၉၁၅ ခုနှစ်က ပြင်ဆင်သူများ *Repairs* ရုပ်ရှင်ကား၏ ရှားပါးဓာတ်ပုံဖြစ်သည်။

mgyoe.com

mgyoe.com
ဖျော်ဖြေမှုများတွင်လည်း အတူတူသွားခဲ့ကြ၏။ ဤအချိန်တွင် ဟန်နာလည်း နေကောင်းလာသဖြင့် ကိန်းဟီးလ်ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။ သူတို့ညီအစ်ကိုနှစ်ယောက်နှင့်အတူ ခရီးထွက်ခဲ့ကြလေသည်။ ချာလီဝမ်းနည်းမိသည်မှာ သူ့အမေသည် ကလေးဖြစ်လာပြီး သူတို့ညီအစ်ကိုက မိဘဖြစ်လာခြင်းကြောင့်ဖြစ်သည်။ သူတို့ညီအစ်ကိုနှင့်အတူနေသောအမေသည် သူ့သားများအတွက် ဝယ်ခြမ်းချက်ပြုတ်ပေးရသဖြင့် အမှန်တကယ် အနားမရခဲ့ပေ။ နောက်တစ်လကျော်ကျော်ကြာသည့်အခါ လန်ဒန်သို့ပြန်သွားရန် ဆုံးဖြတ်ကြ၏။ အိမ်ခန်းတစ်ခန်းငှားရမ်းကာ ပြင်ဆင်မွမ်းမံပြီး ညီအစ်ကိုနှစ်ယောက်က အမေနှင့်အတူနေထိုင်ပြီး အမေ့ကို အနားယူစေခဲ့သည်။

၁၉၀၄ ခုနှစ် နယ်လှည့်ဖျော်ဖြေမှုတွင် ဆစ်ဒနီမလိုက်တော့ဘဲ ပင်လယ်ထဲ ထွက်ခွာသွားခဲ့သည်။ သင်္ဘောသားဘဝဖြင့် နေတဲလ်သို့ လိုက်ပါသွားသည်။ နေတဲလ်မှအပြန်တွင် သင်္ဘောတွင် လက်ထောက်ဘဏ္ဍာစိုးအဖြစ်လည်းကောင်း၊ သင်္ဘောခရာသမားအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။ သူ၏ သင်္ဘောခရီးမှာ ၃ လသာကြာခဲ့သည်။ သင်္ဘောပေါ်တွင် ခရီးသည်များအား ဟာသပျက်လုံးများထုတ်ပြီး တစ်ကိုယ်တော်ဖျော်ဖြေခဲ့လေသည်။ နောက် အိမ်ပြန်ရောက်သည့်အခါ သင်္ဘောသားအလုပ်ကိုမလုပ်တော့ဘဲ ဂီတခန်းမများတွင် သူနှင့်သင့်လျော်သော အလုပ်တစ်ခုခုကို ရှာဖွေလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ၁၉၀၅ ခုနှစ်တွင် ချာလီကလည်း ဘီလီနှင့်တွဲဖက်လုပ်ကိုင်နေသော ကုမ္ပဏီမှ ထွက်လိုက်သည်။ ဟန်နာမှာလည်း စိတ္တဇရောဂါသည်တစ်ယောက်အဖြစ် ကိန်းဟီးလ်ဆေးရုံသို့ ပို့လိုက်ရပြန်သည်။ ထိုနေရာတွင် နှစ်ပေါင်းများစွာ နေခဲ့ရသည်။

၁၉၀၆ ခုနှစ်တွင် ဆစ်ဒနီက ပြုပြင်သူများ Repairs ဆိုသော ဖျော်ဖြေရေးအဖွဲ့တစ်ဖွဲ့နှင့် အဆက်အသွယ်ရခဲ့သည်။ ချာလီကို ထိုအဖွဲ့တွင်ဝင်လုပ်ဖို့ ခေါ်ယူသည်။ အတွေ့အကြုံနုနယ်သေးသော ကလေးအရွယ်ချာလီမှာ ရယ်စရာဆိုလျှင်လည်း ကလိထိုးပြီရယ်စေသလိုဖြစ်သော အတင်းဟန်လုပ်ပျက်လုံးများထုတ်ပြီး ရယ်မောစေခြင်းများကို ဆစ်ဒနီက သဘောမကျပေ။ ချာလီသည် ဂီတခန်းမများတွင် သူ ဝင်လုပ်ခဲ့သည့် အတွေ့အကြုံသာရှိသည်။ ထိုအတွေ့အကြုံနှင့်ပင် "ပြုပြင်သူများ" အဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုကာလ၌ပင် ကလေးလူရွှင်တော်များ အလိုရှိသည်ဆိုသော ကာစီကုတ်ဆပ်ကပ် Casey's Court Circus အဖွဲ့၏ ကြော်ငြာကို တွေ့လိုက်သဖြင့် ထိုကုမ္ပဏီသို့ လျှောက်ခဲ့ရာ သူ့ကို ရွေးချယ်လိုက်သည်။ Repairs အဖွဲ့မှ သူ နှုတ်ထွက်ခဲ့လေသည်။

ချက်ပလင်သည် တစ်စုံတစ်ယောက်နှင့်တူအောင် အတုလုပ်ပြရာ၌ သူမတူအောင် ထူးချွန်လှသူတစ်ဦးဖြစ်သည်။ ကလေးအရွယ်၌ပင် အတုသရုပ်ဆောင်မှုကောင်းလှသဖြင့် ပန်းကုံးများချီးမြှင့်ခြင်း၊ ပန်းများကြဲခြင်းကို စတင်ရရှိခဲ့သည်။ ကြယ်ပွင့်တစ်ပွင့်ဖြစ်လာဖို့အ
mgyoe.com



*ချက်ပလင်နှင့် ကာနိုကုမ္ပဏီတွင် အတူလုပ်ခဲ့ဖူးသော စတန်းလော် ရယ်ဖြစ်သည်။ လော်ရယ်နှင့်ဟာဒီ ဆိုသော ဟာသကားများတွင် သရုပ် ဆောင်ခဲ့သည်။*

တွက် ကြိုးပမ်းခဲ့ရသော ခရီးလမ်းသည် အလွန်ခက်ခဲကြမ်းတမ်းလှသည်။ သူ၏ သရုပ် ဆောင်မှုကို ထောမနာပြုသူ များသထက်များလာသည်။ အထူးသဖြင့် ဒေါက်တာဆိုဒီအဖြစ် သရုပ်ဆောင်မှုကို ပရိသတ်က သောင်းသောင်းဖြဖြသြဘာပေးကြလေသည်။

ကာစီကုတ်ဆပ်ကပ်အဖွဲ့တွင် လုပ်ရသည့်အလုပ်မှာ ၁၉၀၇ ခုနှစ်တွင် ပြီးဆုံးသွား သဖြင့် ချာလီမှာ နောက်ထပ်တစ်ကြိမ် အလုပ်လက်မဲ့ဖြစ်ရပြန်သည်။ ကင်နင်တန်တွင် သူတို့မိသားစု နေထိုင်ခဲ့ကြသည်။ စည်းကမ်းကလနားမရှိ၊ နေချင်သလို နေထိုင်ခဲ့သော ကာလဖြစ်၏။ ပြက်လုံး သက်သက်ထုတ်ပြီး တစ်ခန်းရပ်ဇာတ်လမ်းများတွင် တစ်ခဏသာ ဖျော်ဖြေရသော ကျပန်းလူရွှင်တော်အဖြစ် ဝင်လုပ်သည်။ ထိုအချိန်တွင် ဆစ်ဒနီက ဖရက်ကာနို အသံတိတ်လူရွှင်တော်များ FredKarno's Silent Comedians အဖွဲ့တွင် ပရိသတ်သဘော ကျသော သရုပ်ဆောင်တစ်ဦးဖြစ်လာသည်။ ဖရက်ကာနိုအဖွဲ့သည် ၁၉၀၀ ခုနှစ်အစောပိုင်း ကာလများက ဂီတခန်းမတွင် ဖျော်ဖြေခဲ့သော ပြဇာတ်တိုများကိုယူ၍ ကပြခဲ့သည်။ သူတို့အဖွဲ့ နယ်လှည့်ကပြရာတွင် ထင်ရှားသော ထိုဇာတ်လမ်းများနှင့် ထင်ရှားသော သရုပ်ဆောင်များ ကြောင့် ကာနိုအသံတိတ် လူရွှင်တော်များအဖွဲ့မှာ ထိပ်ဆုံးတွင် နေရာယူထားခြင်းဖြစ်လေ သည်။

မျက်နှာပေး၊ ခြေဟန်လက်ဟန်စသည်တို့ဖြင့် သရုပ်ဆောင်ခြင်း၊ ဆပ်ကပ်နည်းများ ဖြင့် ကခုန်ခြင်း၊ မရယ်ရယ်အောင် ကလီထိုးရယ်မောစေခြင်းတို့ဖြင့် ပေါင်းစပ်ဖျော်ဖြေမှုကို မက်ဆင်းနက်ကီးစတုန်းကော်ပရေးရှင်းက အသံတိတ်ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သည်။ ကာ

mgyoe.com

mgyoe.com

နီ၏အဖွဲ့တွင် ပါဝင်ဖျော်ဖြေသူများသည် ထူးချွန်ပြီး အရည်အချင်းရှိသူများချည်းဖြစ်သည်။ ကာနိုကိုယ်တိုင်လည်း လူရွေးအလွန်တော်သူတစ်ဦးဖြစ်သည်။ ဇာတ်ပွဲအပြင်အဆင်လည်း ကျွမ်းကျင်သည်။ အံ့သြလောက်အောင် တီထွင်မှုရှိလေသည်။ ထို့ကြောင့် သူ့အစီအမံအောက်တွင်ရှိသော အဖွဲ့မှာ အခြားအဖွဲ့များထက် ထူးထူးခြားခြားသာလွန်နေခြင်းဖြစ်သည်။ သူတို့အဖွဲ့သည် ဗြိတိသျှကျွန်းများတွင်သာမက အခြားနိုင်ငံများအထိ တွင်ကျယ်လာပေသည်။

ထိုအချိန်၌ ချာလီမှာ အလုပ်လက်မဲ့ဘဝ၌ပင် ရှိသေးသည်။ ဆစ်ဒနီက သူ့ညီကို အလုပ်တစ်ခုခုပေးဖို့ ကာနိုထံ တောင်းပန်သည်။ သို့သော် ကာနိုက အလုပ်မပေးခဲ့ပေ။ လပေါင်းများ စွာကြာခဲ့ပြီးနောက် တခြားထူးခြားသောအကြောင်းမရှိဘဲ ချာလီကို အလုပ်ခန့်ဖို့ လူတွေ့မေး မြန်းမည်ဟု ကာနိုကပြောလိုက်သည်။ နှစ်ပတ်ခန့်တွေ့ဆုံစစ်ဆေးပြီးနောက် ချာလီကို ကလေး သရုပ်ဆောင်အဖြစ် ခန့်လိုက်လေသည်။ ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် စိန့်မာတင်လိန်းရှိ ဇာတ်ရုံကြီးတွင် တွေ့ဆုံစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ထိုဇာတ်ရုံမှာ လန်ဒန်တွင် အကြီးဆုံးဇာတ် ရုံဖြစ်ပြီး (ယခု အင်္ဂလိပ်အမျိုးသားအော်ပရာဇာတ်ရုံ) ဖရက်ကာနိုဇာတ်အဖွဲ့ ကပြလေ့ရှိသည်။ ချာလီသည် ဖရက်ကာနိုဇာတ်အဖွဲ့မှ "ဘောလုံးပွဲ" The Football Match ဆိုသော ပြဇာတ်တိုလေးတွင် ဟာသလူကြမ်းအဖြစ် ပါဝင်သရုပ်ဆောင်ရလေသည်။ အဓိက ဇာတ်ဆောင်ရှေ့မှထွက်ရသော ဇာတ်ပို့တစ်ဦးအဖြစ် သရုပ်ဆောင်ရခြင်းဖြစ်သည်။

ဇာတ်ပို့အဖြစ် သရုပ်ဆောင်ရသော ချက်ပလင်သည် စတင်ကပြသည့်အချိန်မှာပင် ကုမ္ပဏီက မထင်မှတ်လောက်အောင် ပြောင်မြောက်စွာ သရုပ်ဆောင်ပြခဲ့သည်။ ဇာတ်ပို့တစ်ဦးဟုဆိုသော်လည်း နာမည်ကြီးမင်းသားတစ်ဦးက ဧည့်သည်တော်အဖြစ် လာရောက် ကပြသွားသလို ပရိသတ်မှာ လက်ဖျားခါသွားရသည်။ ကန့်လန့်ကာဖွင့်လိုက်သည်နှင့် ကျောပေးရပ်နေသော ချက်ပလင်ကို တွေ့လိုက်ကြရသည်။ ဦးထုပ်မြင့်မြင့်ကြီးကိုဆောင်း ထားပြီး ပိုးသားဝတ်ရုံကြီးကိုဝတ်ဆင်၍ လက်ထဲတွင် ကြိမ်တုတ်တစ်ချောင်းကို ကိုင်ထားလေ သည်။ ကျောခိုင်းထားရာမှ ပရိသတ်ဘက် ရုတ်တရက်လှည့်လိုက်သည့်အခါ ချောမောပြေပြစ် သည့် သူ့မျက်နှာတွင် နှာခေါင်းနီကြီးတပ်ထားသည်ကို တွေ့လိုက်ရသဖြင့် ပရိသတ်မှာ ပတ်တုတ်မရလောက်အောင် ပွဲကျသွားလေသည်။ ထို့နောက် အတုလုပ်သရုပ်ဆောင်ပြ၊ သူ့လက်ထဲမှ ကြိမ်ကို ကြမ်း၌ထောက်၍ ခြေကလိန်ချိတ်ပြပြန်ရာ ပရိသတ်မှာ ပိုပြီးသဘော ကျသွား ကြ၏။ ပွဲဦးထွက် ထိုကဲ့သို့ တီထွင်သရုပ်ဆောင်ခဲ့သော ကကွက်ကို တချို့လူများက သဘောမကျသော်လည်း ပရိသတ်က အလွန်သဘောကျသွား၏။ ချက်ပလင်၏ မူပိုင်သ ရုပ်ဆောင်ကွက်အဖြစ် ယခုတိုင်ထင်ရှားခဲ့သည်။ မှတ်မှတ်သားသား မှတ်ပုံတင်ထားသကဲ့သို့ ချက်ပလင်သရုပ်ဆောင်ကွက်ဟု တစ်ကမ္ဘာလုံးသိရှိသွားကြတော့သည်။

ဖရက်ကာနိုက ချက်ပလင်ကို ၂ နှစ်ငှားရမ်းခဲ့သည်။ ပထမနှစ်တွင် တစ်ပတ်ကို ၃

mgyoe.com

mgyoe.com
ပေါင် ၁၀ သျှီလင် ရရှိခဲ့ပြီး ဒုတိယနှစ်တွင်မူ တစ်ပတ်ကို ၄ ပေါင် တိုးမြှင့်ပေးခဲ့သည်။ ထို့ပြင် နောက်ထပ်တစ်နှစ်တိုးပြီး ငှားရမ်းခဲ့သည်။ ဆစ်ဒနီကလည်း တစ်ပတ် ၄ ပေါင်ရရှိသဖြင့် ဘရစ်တန်လမ်းပေါ်တွင် အိမ်ကောင်းကောင်းတစ်လုံးကို ညီအစ်ကိုနှစ်ယောက် ငှားရမ်းနေထိုင်ခဲ့၏။ အိမ်ကိုလည်း သူတို့ကိုယ်တိုင် မွမ်းမံပြင်ဆင်ခဲ့သည်။ မီးလုံးများအထားအသိုနှင့် ကူရှင်ထိုင်ခုံများ နေရာချထားမှုများကိုလည်း သူတို့ကိုယ်တိုင် စနစ်တကျ စီမံနေရာချထားကြသည်။ သူတို့၏ ငယ်ရွယ်သောဘဝများတွင် ပထမဦးဆုံးအကြိမ် သူတို့ဘဝအတွက် အာမခံချက် ရရှိခဲ့ကြခြင်းဖြစ်လေသည်။

ကာနိုတွင်ရှိခဲ့သော နှစ်ကာလများသည် ချားလ်ချက်ပလင်၏ အနာဂတ်အတွက် အဓိက ထူးခြားသောကာလများဖြစ်သည်။ ရည်မှန်းချက်လည်းကြီး၊ တီထွင်မှုကိုလည်း အားပေးသောကုမ္ပဏီသည် ချက်ပလင်၏ကိုယ်ပိုင်တီထွင်မှုများနှင့် ထူးခြားပြီး အနုပညာမြောက်လှသည့် အတုသရုပ်ဆောင်မှုကို အားပေးခဲ့လေသည်။ သူ့မှာ ပါရမီရှိသည်။ သူ၏ မည်းနက်သော မျက်လုံးများကလည်း သူ၏သရုပ်ဆောင်မှုကို အထောက်အကူပေးသည်။ ထို့ကြောင့် ကင်မ ရာရှေ့ရောက်လာသောသည့် ချက်ပလင်သည် အသံတိတ်ရုပ်ရှင်ခေတ်က အမှုအရာဖြင့် ထိမိအောင် သရုပ်ဆောင်နိုင်စွမ်းရှိခဲ့လေသည်။

ကာနိုတွင် လုပ်ခဲ့သော ၄ နှစ်တာကာလအတွင်း အရွယ်မရောက်သေးသော ကလေးဘဝမှ ကာလသားနှင့် အရွယ်ရောက်သော လူကြီးဘဝကို ဖြတ်သန်းခဲ့ရသည်။ လူပျိုဘဝ၌ ပင် အချစ်ဦးကို ကာနိုတွင်တွေ့ရှိခဲ့သည်။ အရွယ်ရောက်စ ချက်ပလင်၏ ဘဝတွင် ပထမဆုံး ရင်ခုန်ခဲ့ရသည့် အချစ်ဇာတ်လမ်းဖြစ်သည်။ ၁၉၀၈ခုနှစ် နွေရာသီတွင် ဟင်နရီယက်တာကယ်လီကို သူစတင်တွေ့ရှိခဲ့ရသည်။ ထိုအချိန်က သူ့အသက်မှာ ၁၉ နှစ်သားပဲ ရှိသေးသည်။ သူမကို ဟက်တီဟု ခေါ်ကြသည်။ လန်ဒန်မြို့ စထရက်သန်အင်ပိုင်ယာရုံတွင် ကပြသော ကချေသည်လေးဖြစ်သည်။ ဇာတ်ခုံပေါ်တွင် ကနေသော ဟက်တီကို တွေ့လိုက်သည်နှင့် သူစွဲလမ်းခဲ့သည်။ သူမ ဇာတ်ခုံပေါ်မှဆင်းလာသည်အထိ ဇာတ်ခုံနောက်မှ သူငေးစိုက်ကြည့်နေသည်။ သူမကလည်း သူ့ကိုတွေ့သည်နှင့် မှန်ကိုင်ထားဖို့ပြောပြီး မှန်ကိုကြည့်၍အလှပြင်သည်။ သူ့ရှေ့မှ ဟက်တီကိုကြည့်ရင်း သူ့ရင်မှာ ပိုမိုခုန်လာပြီး အချစ်စိတ်များ တိုးသထက်တိုးလာလေသည်။ ထို့နောက် သူ့ကိုယ်သူ ရဲဆေးတင်ပြီး ညစာလိုက်စားဖို့ ကမ်းလှမ်းရာ သူမကလည်း လက်ခံလိုက်သည်။ ထိုနေ့မှာ တနင်္ဂနွေနေ့ညဖြစ်၏။ ထိုသို့ ညစာအတူစားပြီးနောက် ၃ ရက်လုံးလုံး မနက် ၇ နာရီတွင် သူမနှင့်အတူ မြေအောက်ရထား လိုက်စီးပြီး သူမအစမ်းကပြသည့်နေရာကို လိုက်ပို့လေသည်။ ဟက်တီကလည်း ချာလီနှင့်ထပ်တူ ခံစားရပြီး ချာလီ၏ မေတ္တာကို လက်ခံပါသည်ဟု ဝန်ခံသည်။ နောက် သူတို့နှစ်ယောက် တွေ့ဆုံကြပြီး အိမ်ရောက်သည့်အခါ ဟက်တီကို သူမအမေက သူနှင့်မတွေ့တော့ဖို့ ပြောဆိုသည်။ သူ
mgyoe.com

mgyee.com
တို့အရွယ်မှာ ငယ်သေးသဖြင့် အချစ်ရေးကို စိတ်မကူးကြဖို့ ဖျောင်းဖျ၏။ မျက်ရည်လည်ရွဲနှင့်ဟက်တီမှာ အမေ့စကားကို နားထောင်ပြီး ချာလီနှင့် နောက်ဆုံးတစ်ကြိမ်တွေ့ခွင့်ရခဲ့၏။ သို့သော် နောက်ဆုံးတွေ့သည့်အခါ သူမ၏ အေးစက်ပြီး သူစိမ်းဆန်လွန်းသော ဆက်ဆံမှုကြောင့် သူတို့နှစ်ဦးအဖို့ ကွာဝေးလွန်းသလိုဖြစ်သွားပြီး ဇာတ်လမ်းမှာလည်း တစ်ခန်းရပ်သွားတော့သည်။

ချက်ပလင်သည် ဟက်တီကို မမေ့။ အမြဲသတိရနေခဲ့သည်။ နှစ်ပေါင်းများစွာ ကြာသည်အထိ သူမအကြောင်း စာပေါင်း မြောက်မြားစွာ ရေးသားခဲ့သည်။ ဆွတ်ပျံ့ဖွယ် အတိတ်ဇာတ်လမ်းကို လွမ်းမောနေခဲ့သည်။ သူ့အကြောင်းရေးသည့် ဒေးဗစ်ရော်ဘင်ဆန်က "လူအတော်များများမှာ ငယ်စဉ်က ဇာတ်လမ်းလေးတွေ ရှိကြစမြဲပါပဲ။ ဆယ်ကျော်သက်အရွယ်စိတ်ကစားတုန်း အရူးအမူးစွဲလမ်းခဲ့တာတွေလည်း ရှိကြပါတယ်၊ ခဏတော့ အသည်းကွဲသွားကြပြီး တစ်ပတ်လောက်ကြတဲ့အခါ မေ့သွားကြပါတာပဲ။ ဒါပေမဲ့ ချက်ပလင်ကတော့ သူများတွေနဲ့မတူဘူး၊ သူ့ရဲ့ ငယ်စဉ်က ဆုံးရှုံးသွားခဲ့တဲ့ ချစ်သူအကြောင်းဟာ သူ့အသည်းထဲမှာ အမြစ်တွယ်နေတယ်၊ သူ့အသိတရားထဲမှာ ဒီခံစားမှုကို ဘယ်တော့မှ မမေ့ဘူး၊ တွေ့ဆုံခဲ့တဲ့ ငယ်ချစ်ဦးဟာ သူ့ရင်ထဲ နက်နက်ရှိုင်းရှိုင်းရှိနေပြီး ဘယ်တော့မှ ဖျက်မရ၊ မေ့မရတဲ့ အဖြစ်တစ်ခုပါပဲ" ဟု ပြောဆိုခဲ့လေသည်။

ချာလီအဖို့ အသည်းကွဲချိန်သိပ်မရလိုက်ပါ။ ကံကောင်းထောက်မစွာဖြင့် အလုပ်ကဖိထားသဖြင့် အချစ်ဦးကို လွမ်းချိန်မရတော့ပေ။ ထိုနှစ်ဆောင်းဦးတွင် ချာလီ၏ ပထမဆုံးနိုင်ငံခြားခရီးအဖြစ် ပါရီသို့ ထွက်ခွာခဲ့ရသည်။ သူတို့အဖွဲ့ ပါရီမြို့တော်၌ ကပြရမည်ဖြစ်သည်။ ဘာသာစကားနားမလည်သော်လည်း အလွန်တင့်တယ်လှပသော မြို့တော်ကြီးတွင် အမှုအရာဖြင့် သရုပ်ဆောင်ကျွမ်းကျင်လှသော ချာလီအဖို့ အစွမ်းပြခွင့်ရရှိခဲ့သည်။ ပြင်သစ်ပရိသတ်က သူ့ကို သဘောကျကြသည်။ သူ့ကို ချစ်ခင်စွာဖြင့် "ချားလော့" ဟု ခေါ်လေသည်။ ထို့ကြောင့် ၁၉၂၃ ခုနှစ် ယူနိုက်တက်အာတစ်ကုမ္ပဏီက ရိုက်ကူးသော "ပါရီမှ အမျိုးသမီး" A Woman of Paris ရုပ်ရှင်ကားသည် သူ ပထမဆုံးပါဝင်ရိုက်ကူးသော ကားဖြစ်သည်။ ပြင်သစ်သို့ ခြေဆန့်ခဲ့သော ခရီးသည် အသက်မွေးဝမ်းကျောင်းတွင် အရေးပါသော ခရီးစဉ်ဖြစ်လာခဲ့သည်။ ကာနို၏ ပြဇာတ်များတွင် ချာလီပါဝင်သမျှကို ပရိသတ်က ပိုမိုအားပေးကြသည်။ တေးမဆိုသောငှက် Mumming Bird ဆိုသော ပြဇာတ်တိုမှာ အအောင်မြင်ဆုံးဖြစ်သည်။ အမေရိကတွင် ထိုပြဇာတ်တိုကို လူကြိုက်အလွန်များ သည်။

ချက်ပလင်သည် အခက်အခဲ၊ အတိုက်အခိုက်များကြားတွင် ရှင်သန်ကြီးထွားလာခဲ့ရသည်။ သူ့အပြုအမူ၊ သူ့ရုပ်ရည်နှင့် ပတ်သက်ပြီး အမြင်အမျိုးမျိုးရှိသည်။ ကြိုက်သူရော၊ မကြိုက်သူပါရှိသည်။ ကြိုက်သူက အလွန်များသည်။ သူတို့ကြိုက်သည့်အကြောင်း
mgyee.com

mgyoe.com
ထောက်ပြချက်များမှာ အများဆုံးမှန်ကန်ကြသည်။ ထိုကဲ့သို့များစွာသော ရှုထောင့်များက သူ့အရည်အချင်းကို အထောက်အကူဖြစ်လာသည်။ ထိုသို့ ဝေဖန်မှုများကြောင့်လည်း တစ်ကမ္ဘာလုံးက သူ့အပေါ် စိတ်ဝင်စားလာခြင်းဖြစ်သည်။ ကာနိုကုမ္ပဏီတွင် အလုပ်လုပ်ခဲ့သော စတန်လေဂျက်ဖာဆန်ဟုသိကြသော စတန်လော်ရယ်က "သူ့အမူအရာက မထုံထက်သေးနဲ့သရုပ်ဆောင်ပြီး လွှမ်းမိုးမှုရှိတယ်။ သူဟာ ဒီလောက်တင်မကဘူး။ သူ့မှာ ထူးခြားမှုတွေ အများကြီးရှိတယ်။ နောက်ပြီး သူဟာ အလွှန့်အလွှန်ကို ရှက်တတ်တဲ့လူပဲ။ ပြောရရင် ထိန်းမရလောက်အောင်ကိုပဲ ရှက်တတ်တဲ့လူဖြစ်ပါတယ်"ဟု ပြောပြသည်။

သူ့မိတ်ဆွေများစွာအနက် သူနှင့်အတူ ရုပ်ရှင်ရိုက်ခဲ့သော ဖရက်ဂွတ်ဒွင်ဆိုသူကလည်း ချာလီသည် စိတ်ကူးယဉ်သမားဖြစ်သလို ရည်မှန်းချက်လည်းကြီးသည်။ သူသည် အောင်မြင်မှုများကို သဘောကျသလို ထိုအောင်မြင်မှုများကို ထိန်းသိမ်းထားဖို့လည်း အပြင်းအထန် တိုက်ခိုက်ခဲ့ရသည်။ ထို့ပြင် ချာလီသည် အပျော်အပါး၊ လောင်းကစားတို့ကို ရှောင်သည်။ စနစ်တကျ နေထိုင်သူဖြစ်သည်။ သို့သော် "ကျွန်တော်တွေ့ဖူးသမျှမှာတော့ အပျော်ဆုံးနေတတ်သူတစ်ဦးပါပဲ" ဟု ဂွတ်ဒွင်က ပြောပြသည်။ ထို့ကြောင့် ချာလီသည် ကိုယ်ချင်းစာတတ်သူ၊ ပျော်ပျော်ပါးပါးနေတတ်သူ၊ သာမန်လူတစ်ယောက်လို ရိုးရိုးမြင်တတ်သူဖြစ်၍ ထိုအချက်များက သူ၏ အားအကောင်းဆုံး စရိုက်လက္ခဏာများ ဖြစ်လေသည်။

"သူဟာ အလွှန်ကို ခင်မင်စရာကောင်းလှတဲ့ လူမျိုးတော့မဟုတ်ပါဘူး၊ သူနဲ့ တွေ့ထိမိတဲ့အခါ ရက်သတ္တပတ်အတော်ကြာကြာ ဘာစကားမှမပြောဘဲလည်း နေတတ်တယ်၊ ကုမ္ပဏီမှာရှိတဲ့ ဘယ်သူနဲ့မှ စကားမပြောဘဲနေပါတယ်၊ တစ်ခါတစ်ရံကျတော့လည်း စကားအလွှန်များတယ်၊ ဒါပေမယ့် သူဟာ သုံမှုန်ပြီး လူမှုဆက်ဆံရေး သိပ်မကောင်းဘူး၊ ဘုန်းကြီးတစ်ပါးလို နေတတ်တယ်၊ အရက်ကိုလည်း ကြောက်စရာကောင်းလောက်အောင် သောက်ပါတယ်၊ သူရတဲ့အခကို ဘဏ်မှာ သူ့နာမည်စာရင်းနဲ့ ထည့်ပေးထားတာကိုလည်း ထုတ်ပြီးသုံးပစ်လိုက်တာပဲ" ဟု ဖရက်ကာနိုက ပြောပြလေသည်။ သို့သော် ကာနိုသည် ချက်ပလင်ကို အလွှန်လေးစားသည်။ သူ့ကုမ္ပဏီတွင်ရှိသည့် ချက်ပလင်၏တန်ဖိုးကိုလည်း သူ ကောင်းစွာသဘောပေါက်လေသည်။

သို့သော် ချက်ပလင်သည် လူသားတစ်ယောက်အနေဖြင့် မည်သည့်အကြောင်းများရှိသည်ဖြစ်စေ သူသည် အနုပညာသမားတစ်ယောက်ဖြစ်၏။ အမေရိကသို့ သူ ပထမဆုံးရောက်ရှိသွားပြီးနောက် ကြီးမားသောအပြောင်းအလဲများ သူ့ဘဝတွင် ဖြစ်ခဲ့သည်။ အင်္ဂလန်နှင့်မတူသော အပြောင်းအလဲများကိုလည်း ဖက်ပွေ့ရန် သူ အသင့်ဖြစ်နေလေသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



*ဟောလီးဝုဒ်တွင် အစောပိုင်း နေထိုင်စဉ်က ခပ်ရိုးရိုး ချက်ပလင်ကိုတွေ့ရသည်။ ပြဇာတ်တွင် ဒေါက်တာဘိုဒီအဖြစ် ချာလီ သရုပ်ဆောင်ခဲ့စဉ်*

အခန်း (၃)

# အခြေချသူ

အက်စ်အက်စ်ကိုင်ရိုနာ SS Cairnrona သင်္ဘောကြီးသည် ဖရက်ကာနိုအဖွဲ့ကို တင်ဆောင်ကာ ကာကွိဘက်သို့ ရောက်လာခဲ့သည်။ သူတို့အဖွဲ့ ကမ်းပေါ် တက်ပြီးနောက် မီးရထားဖြင့် ခရီးဆက်ခဲ့ပြန်သည်။ တိုရွန်တို နောက် နယူးယောက်ဖြစ်သည်။ ကိုလိုနီယယ် ဇာတ်ရုံတွင် စတင်ကပြပြီးနောက် နယူးယောက်ပြည်နယ်တစ်ခုလုံး လှည့်လည်ကပြကြသည်။ သုံးလခန့် ကြာမြင့်ခဲ့သည်။ ပရိသတ်ကလည်း သူတို့၏ဖျော်ဖြေမှုကို အားရကျေနပ် ကြသည်။ ကြုံတွေ့ရသည့်ပြဿနာမှာ ပြဇာတ်အသစ်တစ်ခု တင်ဆက်ခြင်း ဖြစ်သည်။ "ဝေါင်းဝေါင်းစ်" The Wow Wows သို့မဟုတ် "လန်ဒန်လူ့အဖွဲ့ အစည်းရဲ့ည" A Night In London Society ဆိုသော တစ်ခါမျှမကခဲ့ဖူး သော ပြဇာတ်သစ်တစ်ပုဒ်ကို

mgyoe.com


mgyoe.com
ကပြကြသည်။ ကာနိုက ထိုပြဇာတ်ကို အဖွင့်ရက်တွင် ကပြစေသည်။ သို့သော် ပါဝင် သရုပ်ဆောင်သူများ၊ မင်းသားများက ထိုဇာတ်မှာ ရယ်စရာလည်းမပါသည့်အတွက် ထို ပြဇာတ်တင်ဆက်ခြင်းမှာ မိုက်မဲရာကျသည်ဟု ပြောကြသည်။ အဖွဲ့သားများ၏အမြင်ကို သေချာစေသည်မှာ အမေရိကန်ဝေဖန်ရေးဆရာများ အမြင်ဖြစ်သည်။ သူတို့ကလည်း ထိုပြဇာတ်သည် အရည်အချင်းသိပ်မရှိသော ဇာတ်ဖြစ်သည်ဟု ဝေဖန်ကြလေသည်။

အမေရိကန်တွင် လှည့်လည်စဉ်အတွင်း ဤကဲ့သို့ အဝေဖန်ခံရသည့်အဖွဲ့တွင် ဆုံးရှုံးမှုများရှိသော်လည်း ယခုမှ ကပြရသည့် လူသစ်လေးအဖို့ကား တစ်ဦးချင်းအနေဖြင့် အောင်မြင်မှုရရှိခဲ့လေသည်။ ဝေဖန်ရေးဆရာများက "ချက်ပလင်သည် အမေရိကအတွက် ကောင်းကောင်းကပြပါလိမ့်မယ်" ဟု ရေးကြသည်။ ကာနိုအဖွဲ့တွင် ချက်ပလင်ကိုသာ အလေးထားရေးကြသလို ပရိသတ်ကလည်း ချက်ပလင်ကို သဘောကျကြလေသည်။ ဇာတ်လမ်းတိုများ ကပြရာ၌ ချက်ပလင်ကို အဓိကဇာတ်ကောင်အဖြစ်ထားပြီး ကပြသည်။



*ကာနိုအဖွဲ့သည် ၁၉၁၀ခုနှစ်က S. S Cairnrona အက်စ်အက်စ် ကိုင်ရိုနာ သင်္ဘောဖြင့် အမေရိကသို့သွားခဲ့သည်။ ဓာတ်ပုံကို အဲလ်ရိုဝ်ကရိုက်သည်။ ချက်ပလင်မှာ အသက်ကယ်သောဘောနောက်တွင် ရပ်နေသည်။*
*နောက်တန်း (ဘယ်မှညာသို့) အဲလ်ဘတ် အော်စတင်၊ ဘတ်ဝီလီယံ၊ ဖရက်ပါလ်မာ၊ အမည်မသိ၊ ဖရန့်ပဲလ်ရိုစ်။*
*ရှေ့တန်း (ဘယ်မှညာ) စတန်ဂျက်ဖာဆန်၊ ဖရက်ကာနိုဂျူနီယာ၊ မစ်ကီပါလ်မာ၊ ချက်ပလင်၊ အာသာဒန်ဒို၊ မိုက်အက်ရှာ၊ အေမီရိုဝ်၊ သင်္ဘောအမှုထမ်းတစ်ဦး။*
mgyoe.com

mgyoe.com




*အမေရိကတွင် ပထမဆုံးလှည့်လည် ကပြစဉ်က ကာနိုအဖွဲ့၏ပိုစတာဖြစ်သည်။ ပုံများမှာ အပေါ်ဆုံးတွင် အေမီရိုင်၊ အဲလ်ရိုင်၊ ချက်ပလင်၊ အမည်မသိ၊ ချက်ပလင်နှင့် စတန်လေဂျက်ဖာဆန်တို့ဖြစ်သည်။ ကြော်ငြာတွင်ပါသော "လန်ဒန်ကလပ်မှာ တစ်ညတာ" ပြဇာတ်တိုလေးမှာ ၁၇ မိနစ်သာကြာသည်။ ချက်ပလင်မှာ ထိုပြဇာတ်နှင့် ကျွမ်းဝင်ပိုင်နိုင် နေပြီဖြစ်သည်။*

သူကလည်း ကြိုးစားကသည်။ ဟာသပြက်လုံးများ သရုပ်ဆောင်မှုများမှာလည်း အစပိုင်းကထက် အများကြီးတိုးတက်လာပြီး ပိုပြီးရယ်မောကြရသည်။ ထို့ကြောင့် ချာလီသည် ပါရမီရှိသော လူရည်ချွန်ဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။ ချာလီအဖို့ အခြားမင်းသားများနှင့်အတူ အမေရိကတစ်ခွင် လှည့်လည်ကပြရသည်မှာ အလွန်ကိုအံ့ဩရလေသည်။ အမေရိကသို့ ပထမဆုံးရောက်ဖူးပြီး ပထမဆုံးဖျော်ဖြေရသဖြင့် နေရာသစ်တွင် လူသစ်များနှင့် ဆုံစည်းနေရသည်။ လူငယ်တစ်ယောက်အဖို့ စိတ်လှုပ်ရှားရသော ခရီးစဉ်ဖြစ်သည်။ သူတို့အဖွဲ့သည် အမေရိကန်တစ်နိုင်ငံလုံး လှည့်လည်ကပြခဲ့သည်မှာ နှစ်ဆယ့်တစ်လ ကြာမြင့်ခဲ့သည်။ ခရစ်စမတ်ကာလတွင် လမ်းခရီးမှနေ၍ နယူးယောက်သို့ပြန်လာပြီး ခြောက်ပတ်ကြာအောင် အမေရိကန်ဂီတခန်းမတွင် ဖျော်ဖြေရလေသည်။

အမေရိကတစ်ခွင် လှည့်လည်ရာ၌ အရှေ့မှအနောက်သို့ ရထားဖြင့်ခရီးသွားရာ ကျယ်ပြောလှပသော တောတောင်ရေမြေ သဘာဝရှုခင်းများကို ရင်သပ်ရှုမောရလေသည်။ အဓိကမြို့ကြီးများတွင်သာ ကပြဖို့စီစဉ်ပြီး အခကြေးငွေလည်းရကြသည်။ ဒေသခံများနှင့် တွေ့ရသည်။ လူသိများ ထင်ရှားသူများအဖြစ် ဆက်ဆံကြသည်။ ရောက်သည့်နေရာတိုင်းတွင် ချီးကျူးထောမ နာပြုခြင်းများ အမြဲကြုံကြရ၏။ ချာလီသည် ဇာတ်အဖွဲ့သားများနှင့်အတူ

mgyoe.com



၁၉၁၈ ခုနှစ်က ဟောလီးဝုဒ်အုပ်စုနှင့် ရိုက်ထားသောပုံ ဖြစ်သည်။ ယခု ဟောလီးဝုဒ်တွင် အထင်ရှားဆုံး မင်းသားတစ်ဦး ဖြစ်နေသော ချက်ပလင်ကို တွေ့ရသည်။ သူ့ညာဘက်တွင် အိုင်နာ ကလယ်ရာရှိသည်။ သူမသည် ဘရောဒ်ဝေးမှ လူကြိုက်များသော ရုပ်ရှင်မင်းသမီးဖြစ်၏။ သူမ၏ ဒုတိယခင်ပွန်းမှာ စကားနည်းသော ဖွန်ဂီးလ်ဘတ်ဖြစ်၏။

၁၉၁၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ကပြသည့် *The Vagabond* ရုပ်ရှင်တွင် လူဆင်းရဲ တယောသမားအဖြစ် ချက်ပလင်ကိုတွေ့ရပြီး ဂျစ်ပစီမလေးအဖြစ် အက်ဒနာပါဗီးယန့်က သရုပ်ဆောင်သည်။



mgyoe.com
ချီကာဂို၊ စိန့်လူးဝစ်၊ မင်နီပိုလစ်၊ စိန့်ပေါလ်၊ ကင်းဆပ်စီတီး၊ ဒင်ဗာ၊ ဘတ်၊ တာကိုးမား၊ ဆီးယက်တဲလ်၊ ပေါ့လန်၊ ဆန်ဖရန်စစ္စကိုနှင့် လော့စ်အင်ဂျလိစ်တို့၌ လည်ပတ်ကြည့်ရှုခဲ့သည်။ တစ်နည်းပြောရလျှင် ယခု သူလည်ပတ်ခဲ့သောနေရာများသည် အနာဂတ် သူ့ပိုင်နက်၏ အချက်အချာနေရာများ ဖြစ်လာပေလိမ့်မည်။ ချာလီက လော့စ်အင်ဂျလိစ်ကို သဘောမကျလှပေ။ သူတို့ ကနေဒါသို့လည်း သွားကြသည်။ ဂျုံထွက်ကောင်းသည့် နိုင်ငံ၏အသည်းနှလုံးဖြစ်သော ဝင်နီပက်သို့လည်း ရောက်ခဲ့သည်။ ထို့နောက် ဗန်ကူးဗား။မွန်တာနာပြည်နယ်မှ ဘတ်ကိုရောက်သည်။ ကောင်းဘွိုင်တို့၏ နိုင်ငံဖြစ်သည်။ သူ့ကို "ကမ္ဘာတွင် အကြီးကျယ်ဆုံးသော အမှုအရာအတုဖန်တီးနိုင်သူ၊ ဇာတ်ခုံပေါ်တွင် အကြီးကျယ်ဆုံးသော ဟာသဖန်တီးရှင်ဖြစ်သည်" ဟု ချီကျူးထောမနာပြုသည်။

ခရီးစဉ်များတစ်လျှောက် ရောက်သည့်နေရာတွင် ကပြဖျော်ဖြေခဲ့သည်။ ကမ္ဘာသစ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံက ရင်ခုန်ဖွယ်ကောင်းသလို သူ့စိတ်ကိုလည်း ညှို့ယူဖမ်းစားထားသည်။ လူတန်းစားခွဲခြားမှု မရှိဘူးဟု ထင်ရသော လူအဖွဲ့အစည်းကိုလည်း သူ ချစ်သည်။ သို့သော် ခရီးစဉ်အတွင်း သူ တွေ့ကြုံခံစားရသည်နှင့် သူ ကပြဖျော်ဖြေရသည်တို့မှာ ခြားနားနေ၏။ ကပြရသည်ကို စိတ်မပါ၊ သွားလာနေရသည်ကို စိတ်ဝင်စားသည်။ မိတ်ဆွေများ အပေါင်းအသင်းများနှင့် ပြောဆိုနေထိုင်ရသည်မှာ ကြည်နူးစရာအချိန်ဖြစ်သည်။ သူသည် စာအုပ်ကို အငမ်းမရဖတ်ရှုသူဖြစ်သည်။ စာဖတ်ရသည်ကိုလည်း လောဘကြီးသည်။ ဒဿနိကစာအုပ်များကိုဖတ်သည်။ အခြားဘာသာဖြင့်စာများကိုလည်း ဖတ်ချင်သည့်အတွက် ဂရိဘာသာကို သူ့ဘာသာလေ့လာသင်ယူသည် (သို့သော် အချိန်အနည်းငယ်သာ လေ့လာပြီး ဆက်လက်မကြိုးစားတော့ပေ) သူ့ကို တွေ့ဆုံမေးမြန်းခဲ့သောသတင်းစာ ဆရာတစ်ဦးက "ခရီးသွားရင်း မြို့လေးတစ်မြို့ရောက်တဲ့အခါ သူဝယ်ဖတ်ချင်တဲ့စာအုပ်ကို စာအုပ်ဆိုင်တွေမှာ လိုက်မေးတော့ မေးလို့မရဘူး။ သူဖတ်ချင်တာတွေ မရှိဘူးတဲ့။ ဒါနဲ့ လက်တင်သဒ္ဒါစာအုပ်တစ်အုပ်ပဲဝယ်လာခဲ့တယ်၊ ဒီစာအုပ်ကို စိတ်ပါလက်ပါဖတ်တယ်၊ ခေတ်ပေါ်ဝတ္ထုစာအုပ်တစ်အုပ်ကို အငမ်းမရဖတ်သလိုကို ဖတ်ခဲ့တယ်" ဟု ပြောခဲ့သည်။ မှန်သည် မှားသည်ထား။ ထိုအဖြစ်သည် ချက်ပလင်နှင့် ပတ်သက်ပြီး ပြောစရာအကြောင်းတစ်ခုဖြစ်ခဲ့သည်ကား အမှန်ပင်။

သူ၏ ပုံပန်းသဏ္ဌာန်မှာ ကိုးယိုးကားယားနှင့် အချိုးမကျလှပေ။ အမေရိကခရီးစဉ်အတွင်း သူနှင့်အတူသွားလာခဲ့သည့် ချာလီ၏အခန်းဖော် စတန်းလော်ရယ်က ချာလီနှင့်ပတ်သက်ပြီး သူ့အမြင်ကို ဖော်ပြထားသည် "သူဟာ တခြားလူတွေနဲ့ မတူဘဲ ဘာဖြစ်လို့ လူကြောင်တစ်ယောက်လို ဖြစ်လာရသလဲဆိုတာ လူတွေက ယခုနှစ်တွေမှာ ပြောကြပါတယ်၊ သူဟာ တကယ်လည်း ထူးထူးခြားခြားလူပါပဲ၊ သူဟာ အလွန်စိတ်ပြောင်းတတ်တယ်၊ ဒေါသ
mgyoe.com

mgyoe.com



၁၉၂၀ ခုနှစ်က ရိုက်ကူးသော ပေါ်လီယာနာရုပ်ရှင်ကားတွင် ဒေါက်ဂလပ်စ်ဖဲယားဘင့်ခ်၊ ချက်ပလင်နှင့် မေရီပစ်ဖို့ဒ်တို့ကို တွေ့ရသည်။ ထိုကားမှာ ပစ်ဖို့ဒ် ယူနိုက်တက်အားတစ်ကုမ္ပဏီသို့ ပထမဆုံးရောက်လာပြီး ရုံပြည့်သည်အထိ အကြီးအကျယ် အောင်မြင်ခဲ့သည်။

လည်း ဖြစ်တတ်တယ်၊ တစ်ခါတစ်ရံမှာ သူ့ပုံပန်းဟာ စုတ်စုတ်ပြတ်ပြတ်နဲ့ ဖြစ်သလိုနေတတ်တယ်၊ အဲဒီလို အခြေအနေကနေ ရုတ်တရက်ပြောင်းသွားပြီး ကျွန်တော်တို့ အံ့သြလောက်အောင် အဝတ်အစားသပ်သပ်ရပ်ရပ်နဲ့ ဖြစ်သွားပြန်ပါတယ်၊ ဒါကြောင့် သူ့စိတ်ဟာ အပြောင်းအလဲမြန်တယ်လို့ ပြောတာပါ၊ အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်တဲ့အခါ ဦးထုပ်ကို ခပ်မြင့်မြင့် ဦးထုပ် (ဈေးကြီးပေးရတယ်) ကို ဆောင်းတယ်၊ လက်အိတ်နဲ့ သပ်ရပ်တဲ့ဝတ်စုံနဲ့ အရောင်နဲ့အတွင်းခံအင်္ကျီနဲ့၊ အရောင် ၂ မျိုးပါပြီး ဘောမှာကြယ်သီးလေးတွေ တပ်ထားတဲ့ဖိနပ်နဲ့၊ ကြိမ်လုံးနဲ့ အခန့်စားပဲ" လော်ရယ်က ချက်ပလင် တယောထိုးသည်ကိုလည်း ပြောပြပါသည်။

"သူသွားတဲ့နေရာကို သူ့တယောလည်း ယူသွားတတ်တယ်၊ တယောကြိုးတွေညှိပြီးတဲ့အခါ ဘယ်လက်နဲ့ တယောထိုးပါတယ်။ နောက်ပြီး စယ်လိုတယောကြီးတစ်လုံးကိုလည်း ဝယ်ထားတယ်၊ စိတ်ပါတဲ့အခါ စယ်လိုတယောကိုလည်း ထိုးပါတယ်၊ အဲဒီလို တယောတွေထိုးတဲ့အခါ ချာလီဟာ သူ့ကိုယ်သူ ဂီတသမားတစ်ယောက်ရဲ့ ဝတ်စုံကို ဝတ်လေ့ရှိတယ်၊ အပေါ်ဝတ် ကုတ်အင်္ကျီအရှည်ကြီးဝတ်တယ်၊ လက်အနားကလည်း ကတ္တီပါအစိမ်းရောင်ဖြစ်ပြီး ကော်လာကလည်း အစိမ်းပဲ၊ ဦးထုပ်ကတော့ ဦးထုပ်ပျော့လေးတစ်လုံးကို ဆောင်းထားတယ်" ဟု ပြောပြလေသည်။


နောင်အခါ ထိုဝတ်စုံသည် ချာလီ၏ထူးခြားသော သီးသန့်ဝတ်စုံဖြစ်လာသည်။ သရုပ်ဆောင်စဉ် "လူကြီးလူကောင်း" အဖြစ် သူ ဝတ်သော ဝတ်စုံမှာ အစုတ်အပြတ်ထက်တော့ သာသော်လည်း အကောင်းဆုံးကားမဟုတ်ပေ။ သူ့အတွေ့အကြုံအရ သူ့ခေါင်းထဲစွဲနေသော အယူအဆတစ်ခုမှာ လူတစ်ယောက်၏ဘဝတွင် သူ၏ပုံပန်းသဏ္ဍာန်က သူ့ကို ပြဋ္ဌာန်းသည်ဆိုသောအမြင် ဖြစ်သည်။ ချက်ပလင်အဖို့ သူ့ဘဝဖြတ်သန်းမှုထဲမှရခဲ့သော ဘဝဒဿနကို ကောင်းစွာမှတ်မိနေသည်။ ဦးထုပ်မြင့်ကြီးနှင့် ကြိမ်တုတ်နှင့်ရုပ်သွင်မှာ ချာလီချက်ပလင်၏

mgyoe.com

mgyoe.com

မှတ်ပုံတင်ထားသော မူပိုင်ပုံရိပ်ဖြစ်သည်။ ထိုကာလမှ နှစ်ပေါင်းများစွာကြာသည်အထိ မြို့နေယောကျ်ား သန်းပေါင်းများစွာမှာ ထိုဝတ်စုံကို ဝတ်ဆင်ခဲ့ကြသည်။ ချာလီချက်ပလင်ဝတ်စုံဟု ခေါ်ဝေါ်ကြသည်။

ကာနိုကုမ္ပဏီသည် ၁၉၁၂ ခုနှစ်၊ မေလတွင် သူတို့၏ အမေရိကယာယီခရီးရှည်ကြီး အဆုံးသတ်သည်။ နောက်ဆုံး အူးတားပြည်နယ် ဆော့လိပ်မြို့တွင် ဖျော်ဖြေခဲ့ကြသည်။ ဇွန်လတွင် အင်္ဂလန်သို့ ပြန်ရောက်ကြသည်။ ရောက်သည်နှင့် ချာလီသည် သူ့အစ်ကို ဆစ်ဒနီနှင့်သွားတွေ့၏။ ဆစ်ဒနီက သူလက်ထပ်လိုက်ပြီဟု ချာလီကိုပြောပြရာ ချာလီမှာ အံ့သြသွားလေသည်။ ဆစ်ဒနီ၏မိန်းမ ဖင်နီမှာ ကာနိုအဖွဲ့မှ မင်းသမီးတစ်ယောက်ပင် ဖြစ်သည်။ လက်ထပ်လိုက်ပြီးသည်နှင့် သူတို့ ယခင်နေခဲ့သော အခန်းကို ဆစ်ဒနီက ပြန်အပ်လိုက်သည်။ သူနှင့် ချာလီအတူငှားရမ်းခဲ့ပြီး ပျော်ရွှင်စွာနေထိုင်ခဲ့သည့် အိမ်ခန်းဖြစ်လေသည်။ ဘာကြောင့် အခန်းပြန်အပ်ခဲ့သည်ကို ချာလီမသိ။ ထိုအခန်း၌ နေထိုင်ရသည့်ကာလတွင် ချာလီပျော်ရွှင်



ယူနိုက်တက်အားတစ်ဒ် *United Artists* ကုမ္ပဏီကို စတင်တည်ထောင်သူများဖြစ်သည့် ဒေါက်ဂလပ်စ်ဖဲယားဘင့် မေရီပစ်ဖို့ဒ် ချက်ပလင်နှင့် ဒီအဗလျူဂရစ်ဖစ်သ်တို့ကို တွေ့ရသည်။ ၁၉၂၀ ခုနှစ် ဇန်နဝါရီလတွင် ထိုပုံကို ရိုက်ကူးသည်။

mgyoe.com